သာယာဝတီ ခရိုင်၊
နတ္တလင်း မြို့
တံခွန်တိုင် အနောက် ကျောင်း၌
သီတင်းသုံးနေထိုင်တော်မူသော

ဝိပဿနာ အလင်းပြ
ဆရာတော် ဦးဇါသဝ
သည်၊

ဝိပဿနာ ဂိုဏ်းသား, သူတော်ကောင်းများတို့
တောင်းပန်သည့် အတွက်

စီရင် ရေးသားတော် မူအပ်သော

# ပဋိဝေဓ — ဒီပနီကျမ်း

— မူပိုင် —

ဗုဒ္ဓါဝါဒစရိယအသင်း
နတ္တလင်းမြို့
တံခွန်တိုင် — ဗဟိုဌာန။

သာသနာဝတီ ခရိုင်၊

နတ္တလင်း မြို့

တံခွန်တိုင် အနောက် ကျောင်း၌

သီတင်းသုံး နေထိုင်တော်မူသော

# ဝိပဿနာ အလင်းပြ

# ဆရာတော် ဦးဇါသဝ

သည်

ဝိပဿနာ ဂိုဏ်းသား, သူတော်ကောင်းများတို့

တောင်းပန်သည့် အတွက်

စီရင် ရေးသားတော် မူအပ်သော

# ပဋိစ္စ — ဒီပနီကျမ်း

— မူပိုင် —

ဗုဒ္ဓါဝါဒစရိယအသင်း

နတ္တလင်းမြို့

တခွန်တိုင်—ဗဟိုဌာန။ တအုပ် ၁-ကျပ်။

ဒုတိယ အကြိမ်

အုပ်ရေ ( ၃၀၀၀ )

၁၃၃၁ ခု၊ ဒုတိယ ဝါဆိုလ

၁၉၆၉ - ခု ဩဂုတ်လ

(ဘာသာရေး ကင်းလွတ်ခွင့် အမှတ် ၃၄၄၁)

**ထုတ်ဝေသူ — ဦးသုန္ဒရ**

တံခွန်တိုင် အနောက်ကျောင်း၊

နတ္တလင်းမြို့၊ သာယာဝတီ ခရိုင်၊

(ကင်းလွတ်ခွင့်အမှတ်-၀၉၅၇)

ပုံနှိပ်သူ - ဦးခင်မောင် (၀၁၁၉၃) ယာယီ

မြန်မာ့တံခွန်ပုံနှိပ်တိုက်

အမှတ်-၅၆၊ လှည်းတန်း ကမာရွတ် - ရန်ကုန်မြို့

# နိဒါန်း

ဆရာမရှိ ပကတိ အလိုလို သိမြင်တော်မူပေသည့် သဗ္ဗညုတ ဉာဏ်တော်ဟု ဆိုအပ်သော ပဋိဝေဓအစ-အစဉ်အလိုက် ပရိယတ္တိ ပဋိပတ္တိ သာသနာ (၃)ဖြာ တထပ်တည်း ပေါ်ထွန်းလာခြင်း၊ နိဗ္ဗုရိယာယသစ္စာ၊ မုချဆတ်ဆတ် အဘိဓမ္မာ စစ်စစ် ဖြစ်ကြီး ဖြစ်သော အနုတ္တသာရ, သုညတဓမ္မ, နိဿရဏခေတ် အလင်း ဉာဏ်တဲ့တဲ့ကို အာဂန္တု ကစိထိ, သိ— သဘာဝ— သုဦးခဏတွင် ပစ္စဝေက္ခဏာ၊ ဉာဏမုခမှာ၊ ပဓာန၊ ရဟန်းကိစ္စ ငြိမ်းရာအမှန် အာသဝက္ခယဉာဏ် အမြင် သန်လျက်၊ ဘိယျောဘာဝါယ သတိ အစဉ်ခေတ်သွားတိုင်းဉာဏ်အုပ်မိနေဘုံရာအလွန်အလွန် သိမ်မွေ့ နက်နဲခက်ခဲ ထိုးထွင်းနိုင်ခဲသော ဧကောဓမ္မော— သဒ္ဓမ္မ၊ ပရမ၊ သုခ၊ ပဋိဝေဓဉာဏ် ကျက်စား ကွန့်မြူး နိုင်ကြ စေရန် အတွက် ရည်သန်တော်မူလျက် ဝေနေယျဇ္ဈာသယ အလို့ငှါ ဝိနိစ္ဆယနည်း ဓမ္မခဏ်းအကုန် ဖွင့်လှစ် ရေးသား ဆုံးမ သနား တော်မူ ပါမည့် အကြောင်း။

သာယာဝတီ မြောက်ပိုင်း၊ နတ်တလင်း အရှေ့ ဒမငယ်ရွာ အစိုးရဂုဏ်ထူးဆောင် အထူး အာဏာရ သူကြီးမင်း ဦးလူကြီး စသော မဇ္ဈိမ ပဋိပဒါဝါဒီ၊ ဒါယကာ၊ ဒါယိကာ၊ ဥဇ္ဇုမပုရိသ အပေါင်းတို့က ခညောင်းဝပ်တွား၍ လျှောက်ထား တောင်းပန် အသနားတော်မြတ် ခံပါသည်။

သာယာဝတီခရိုင်၊ နတ္တလင်းမြို့၊ တံခွန်တိုင်အနောက်ကျောင်း ဆရာတော် **ဦးဝါသဝ** သူမြတ်အရှင် ကျေးဇူးတော်ရှင်ဘုရား။

...............

# ဆရာတော် အမိန့်

သာဓု—သာဓု—သာဓု။ ။တောင်းပန် လျှောက်ထား ချက် အရ "**ပဋိဝေဓ—ဒီပနီ**" အမည်ဖြင့် ဥာဏ်စခန်း သက်သက်ကို ဒါဆရာသည် ချီးပင့်ရေးသားပေအံ့သတည်း။ ။

.................

# ပဋိဝေဓ – ဒီပနီကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

လောက၌ အန္ဓပုထုဇန်က ကလျာဏဖြစ်အောင် လုပ်ရသည်၊ ကလျာဏ ပုထုဇန်က သောတာပန် ဖြစ်အောင် လုပ်ရသည်၊ သောတာပန် က သကဒါဂါမ် ဖြစ်အောင် လုပ် ရ သည်၊ သကဒါဂါမ်က အနာဂါမ် ဖြစ်အောင် လုပ်ရသည်၊ အနာဂါမ် က ရဟန္တာဖြစ်အောင်လုပ်ရသည်၊ ဒွိဟိတ်ကတိဟိတ်ဖြစ်အောင် လုပ်ရသည်၊ ဤသဖြင့် ပြောကြဟောကြကုန်၏၊ ယူလည်း ယူကြ ကုန်၏၊ လွဲလေစွ၊ မှားလေစွ၊ မှောက်လေစွ၊ပညာမဲ့တို့၏အသုံး အယူပင်တည်း။ ။အဘယ်ကြောင့်ဆိုသော်၊ တရားသဘောက တနိုဂ္ဂနှင့်တနိုစ္စရောလို့မရသောသဘောပင်တည်း၊အန္ဓပုထုဇန်ဟု သမုတ်ခြင်းသည်၊ပုဂ္ဂလ,သတ္တ,အတ္တ,ဇီဝ,ငါ,သူတပါးယောကျ်ား မိန်းမ,အကောင်အထည် သဏ္ဌာန် ဒြပ် နှင့် စွဲယူသော တရားအစု တရားသဘောကို အန္ဓပုထုဇန်ဟုသမုတ်ရသည်၊ ဤတရားသဘော စုကတနိုစ္စဖြစ်၏၊ကလျာဏနှင့်မရောမယှက်သက်သက်သူ့သဘော နှင့်သူဖြစ်သောတရားပင်တည်း။ ။ကလျာဏပုထုဇန်ဟု သမုတ် ခြင်းသည်၊ ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝ၊ ငါ သူတပါးယောကျ်ား

မိန်းမ အကောင်အထည် သဏ္ဌာန် ဒြပ်နှင့် စွဲယူသော မိစ္ဆာဒိဋ္ဌိ အယူဆိုး အယူမှား မရှိပါသော ရုပ်နာမ် အယူ သက်သက်သာ ယူသော တရားအစုတရားအပုံကိုပင် ကလျာဏဟု သမုတ်ရသည်၊ ဤတရားသဘောစုက တနိစ္စဖြစ်၏၊ အန္ဓပုထုဇဉ်နှင့်မရောမယှက် သက်သက် သူ့သဘောနှင့် သူဖြစ်သော တရားပင်တည်း၊ သော်တာပန်ဟုသမုတ်ခြင်းသည်ကား၊ ပညတ်ပျောက်၍ ပရမတ် ဓာတ်ဉာဏ်ပေါက်သောကြောင့်၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာသယ နှစ်ပါးကင်းပြတ်၍ ဖြစ်သော ဓမ္မအစု ဓမ္မအပုံကိုပင်သောတာပန် ဟု သမုတ်ရသည်၊ ကလျာဏနှင့် မရောမယှက် သက်သက် သူ့ သဘောနှင့်သူ ဖြစ်သော တရားပင်တည်း။ ။သကဒါဂါမ်ဟု သမုတ်ခြင်း သည်ကား၊ ကာမရာဂ၊ ဗျာပါဒ အကြမ်းချုပ်မှု သဘောအပုံကိုပင်၊ သကဒါဂါမ်ဟုသမုတ်ရသည်၊ သောတာပန် နှင့်မရောမယှက် သက်သက် သူ့သဘောနှင့်သူ ဖြစ်သော တရား ပင်တည်း။ ။အနာဂါမ်ဟုသမုတ်ခြင်းသည်ကား၊ရာဂါနုသယ ပဋိဃာနုသယနှစ်ပါးကင်းပြတ်၍ဖြစ်သော တရားအစုတရားအပုံ ကိုပင် အနာဂါမ်ဟုသမုတ်ရသည်၊သကဒါဂါမ်နှင့် မရောမယှက် သက်သက် သူ့သဘောနှင့်သူ ဖြစ်သော တရား ပင်တည်း။ ။ ရဟန္တာဟု သမုတ်ခြင်းသည်ကား၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ရူပရာဂ၊ အရူပရာဂ၊ အဝိဇ္ဇာ တည်းဟူသော တရား အပေါင်းတို့ ကင်း ပြတ်၍ ဖြစ်သော တရားအစု တရားအပုံကိုပင် ရဟန္တာဟုသမုတ် ရသည်၊ အနာဂါမ်နှင့် မရောမယှက်သက်သက်သူ့သဘောနှင့်သူ ဖြစ်သောတရားပင်တည်း။ ။ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝ မရှိဟု ယူးပြီးမှအန္ဓပုထုဇဉ်ပုဂ္ဂိုလ်ကလျာဏပုထုဇဉ်ပုဂ္ဂိုလ် သောတာပန်

ပုဂ္ဂိုလ်၊ သကဒါဂါမိပုဂ္ဂိုလ်၊ အနာဂါမိပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်ဟု အယူရှိပြန်ကြကုန်၏၊ အထီးတွေ၊အမတွေ၊သားတွေ၊သမီးတွေ၊ဆွေတွေ၊ မျိုးတွေနှင့် ယူကြကုန်၏၊ အယူ ဖေါက်ပြန်ကြကုန်၏၊ ပုဂ္ဂလဓိဋ္ဌာန် ဓမ္မဓိဋ္ဌာန်ဆိုတာသဘာဝတရား၏ အမည်ပင်တည်း၊ သဘာဝ ဆိုတာ ဖြစ် ပျက် ကြောင်း ကျိုး ပင်တည်း၊ သဘာဝ ဖြစ်ပျက် ကြောင်းကျိုးမှ တပါး၊ အန္တ၊ ကလျာဏ သောတာပန် သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာ၊ ဘုရားပုဂ္ဂိုလ်တို့သည် လုံးလုံးမရှိ၊ သင်္ခတဓမ္မ အသင်္ခတဓမ္မ တရားနှစ်ပါး သည်သာ လျှင် ထင်ရှား ကောန် ရှိပေ၏၊ သင်္ခတဓမ္မ သဘော သည် ဖြစ် ပျက် ကြောင်းကျိုးမျှသာတည်း၊ ဤဖြစ်ပျက် ကြောင်းကျိုး သဘောကိုပင်၊ သုံးဆဲ့နှစ်ကောဋ္ဌာသ ဓာတ်လေးပါး ဓာတ် ရှစ်ပါး၊ ဓာတ်တဆယ့်ရှစ်ပါး အာယတန တဆယ့်နှစ်ပါး ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါး ခန္ဓာငါးပါး၊ လက္ခဏာရေး သုံးပါးဟု သမုတ်ရသည်၊ သမုတ်၍ ဟောရ ပြောရသည်၊ စင်စစ်အားဖြင့်၊ အဝိဇ္ဇာမာနပညတ်၊ ဝိဇ္ဇာမာနပညတ်မျှသာ တည်း၊ ပရိယာယ်မျှသာတည်း၊ အဝိဇ္ဇာမာနပညတ်၊ ဝိဇ္ဇာမာန ပညတ်နှစ်ပါးသည်၊ သင်္ခတ ဓမ္မ သဘာဝ၏ အရိပ်မျှ သည်သာ ပင်တည်း၊ တကယ်မရှိချေ၊ သင်္ခတဓမ္မသည် သာလျှင်၊ တ ကယ်ရှိချေ၏၊ အသင်္ခတဓမ္မ ဆိုသည်ကား၊ သင်္ခတဓမ္မမှ တပါး မရှိချေ၊ သင်္ခတဓမ္မလည်း မဟုတ်၊ ဥပမာ ဆိုသော် မီးတောက် မှုမှအပ မီးငြိမ်းမှုမရှိ၊ မီးတောက်ကို မီးငြိမ်းသည်ဟု ပြော လို့လည်း မဖြစ်၊ မီးတောက်ထာက၊ လက်ဝဲမှာ တောက်၍ မီးငြိမ်း တာက၊ လက်ယာမှာ ငြိမ်းသည် မဟုတ်၊ ထို့အတူ

သင်္ခတဓမ္မမှာပင် ငြိမ်းတဲ့သဘော ငြိမ်းမဲ့သဘော ထင်ရှား ကောန်ရှိ၏။ ။ထင်ရှားရှိပုံကို သစ္စာလေးပါးနှင့် ပြပေအံ့၊ သစ္စာလေးပါး ဟူသည်ကား ရုပ်နာမ် ဒုက္ခသစ္စာ၊ ထိုဒုက္ခသစ္စာ ရုပ်နာမ်၌ သာယာမှု သမုဒယသစ္စာ၊ ထိုဒုက္ခသစ္စာ၌ ပညာ အရောင် အလင်းသည် မဂ္ဂသစ္စာ၊ ထိုဒုက္ခ သစ္စာ၌ ငြိမ်းမှု သဘောသည် နိရောဓသစ္စာ၊ ဤသစ္စာလေးပါး၌ သဘောကွဲလွဲ ပုံကား ရုပ်နာမ် ဒုက္ခသစ္စာ ဆိုတာကို သိလွယ် မြင်လွယ်ကြ ပါ၏၊ အကြွင်းသစ္စာ သုံးပါးကို အမြင်ခက်သည်၊ အဘယ့် ကြောင့် ဆိုသော်၊ သမုဒယ သစ္စာ ဆိုတာစိတ်ကသာ ယာတာ စိတ်က လိုချင်တောင့်တတာဟု ပြောကြ ဟောကြ ဆိုကြ၏၊ ထိုစိတ် စေတသိတ် တို့သည် ဒုက္ခ သစ္စာ ပင်တည်း၊ ဒုက္ခ သစ္စာ ကို သမုဒယသစ္စာ ထပ်၍ ဟောသည် မဟုတ်၊ သမုဒယ သစ္စာ က သဘော တသီး တခြား ရလို့ ဟောတော်မူသည်၊ ရပုံကား ဥပမာ ဆောင်လို့ပြမည်၊ ငါးအမဲသည် ပကတိ ညှော်မရှိချေ၊ မီးနှင့် တွေ့ထိ မှသာ ညှော်သဘောသည် ဖြစ်ပေါ်လာ၏၊ ၎င်း ညှော်သဘောသည် မီးထဲက ပါသည်လည်း မဟုတ်၊ ငါးအမဲ ထဲက ပကတိပါသည်လည်း မဟုတ်၊ နှစ်ခု ပေါင်းဆုံ မိမှသာ ဓာတ်သဘော အားဖြင့် လတ်တလော ညှော်လို့ ပြောလောက် အောင် ထင်ရှား ပေါ်ပေါက်၍ လာလေ၏၊ ထို့အတူ ရုပ်နာမ် နှစ်ပါး ပေါင်းဆုံမိမှ သာယာမှု ဆိုသော သဘော လက္ခဏာ သည် ဖြစ်ပေါ်လာလေ၏၊ နာမ်ထဲကလည်း ပကတိ မရှိနှင့်၊ ရုပ်ထဲကလည်း မရှိချေ၊ ရုပ်နာမ်နှစ်ပါး အကြောင်း အကျိုးဆုံ စည်းမိမှသာ၊ သာယာမှု ကိစ္စကို သမုဒယ သစ္စာဟု ဟော

တော်မူသည်၊ သမုဒယ သစ္စာဟု မှတ်ရာ၏၊ မဂ္ဂသစ္စာ ဆိုသည် မှာလည်း၊ နာမ်က သိတာ၊ နာမ်က လိမ်မာတာ၊ နာမ်က မြင်တာဟု ပြောကြဟောကြပါ၏၊ ဟောသော်လည်း နာမ်သည် ဒုက္ခ သစ္စာ အမှန် ဖြစ်၏၊ မဂ္ဂ သစ္စာ မဟုတ်၊ မဂ္ဂသစ္စာ ဆိုတာ အဘယ်သို့သိရမည်နည်းဟု ဆိုသော်၊ ဥပမာကို ဆောင်၍ သိကြရာ၏၊ ဥပမာကား၊ မီးနှင့် မီးရောင် ကဲ့သို့ ဖြစ်သည်၊ မီးသည် အရောင်မဟုတ်၊ အရောင်သည် မီးမဟုတ်၊ မီးသည် ပူသဘော ဖြစ်ပျက် သဘော ရှိသည်၊ အရောင်သည် ပူသဘော ဖြစ်ပျက် သဘောမရှိ၊ မီးမှ အပလည်း အရောင်မရှိချေ၊ ထို့အတူ၊ နာမ် နှင့် နာမ်ရောင်၊ နာမ်သည် အရောင် အကြည်မဟုတ်၊ အရောင် အကြည်သည် နာမ်မဟုတ်၊ ထိုအရောင် အကြည် အလင်းကို ပင် မဂ္ဂ သစ္စာဟု ဟောတော်မူသည်၊ မဂ္ဂ သစ္စာဟု ယူရာ၏၊ မှတ်ရာ၏၊ နိရောဓ သစ္စာ မှာလည်း ထို မဂ္ဂ သစ္စာ အရောင် အလင်း အကြည် ဖြစ်ပေါ်လာသောအခါမှ အမှန်ကိုမြင်၏၊ ထို အမှန်ကို မြင်ဆဲတွင် ဖြစ်လာပေါ်လာသော နာမ်စိတ် အစဉ်မှာ သာယာမှု သမုဒယ ကိစ္စမရှိဘဲ၊ ပကတိ ဖြစ်၏၊ ဥပမာ ဆိုသော် မွေးလျှင် သား–သမီးဟု ပြောစရာ ထင်ရှားရှိ၏၊ မမွေးလျှင် သား–သမီးဟု အပြော ငြိမ်းလေ၏၊ ထို့အတူ၊ ဗောဓိပက္ခိယ နာမ်၊ အမြဲ နာမ်တွေမှာ ငြိမ်းလေ၏၊ ချုပ်လေ၏၊ ထိုငြိမ်း သဘော ချုပ်သဘောကိုပင် နိရောဓသစ္စာဟု ဟောတော်မူ သည်၊ နိရောဓသစ္စာဟုမှတ်ရာ၏၊ ယူလည်း ယူရာ၏၊ ဤသစ္စာ လေးပါး၏ သဘောမှာ၊ အထီး–အမ–ပုဂ္ဂလ—သတ္တ—အတ္တ—ဇီဝ မရှိ၊ ပကတိ သဘော မျှသာ ထင်ရှားကေန် ရှိပေ၏၊ ထို့ကြောင့်

မှားသည် မှောက်သည်ဟု ဆိုလိုက်သည်၊ ရေးလိုက်သည်၊
ဟောလိုက်သည်၊ ပြောလိုက်သည်၊ သတိရှိကြစေ၊ သတိချပ်
ကြလေ၊ စဉ်းစားကြလေ၊ ဝေဘန် ကြလေ။ ။လောကဥ္
ဓမ္မဒိဋ္ဌာန် ငြိမ်းနည်းကို၊ ရှင်းတမ်း ပေး၍ ပြဦးမည်၊ သတိပြု
ကြပါ၊ လက္ခလာ ဉာဏ်နှင့် ငြိမ်းပုံ တနည်း၊ မဂ်ဉာဏ် နှင့် ငြိမ်း
ပုံတနည်း ဖိုလ်ဉာဏ်နှင့် ငြိမ်းပုံ တနည်း၊ ဤငြိမ်းပုံ သုံးနည်းမှာ
လက္ခဏာ ဉာဏ်နှင့် ငြိမ်းပုံကား၊ မာတုဂါမ တယောက်သည်၊
လင်နှင့် အမြဲ ဆက်ဆံ မှုလည်း ရှိ၏၊ သား–ပဋိသန္ဓေ ရမှုလည်း
ရှိ၏၊ ထိုသား၏ ဒုက္ခကို မခံလို၍၊ ဆေးစားပြီး ဖျက်လိုက်၏၊
ထိုအခါ သား၏ ဒုက္ခသည် ငြိမ်းလေ၏၊ ဆေးမစားမိသော်၊
သား၏ ဒုက္ခသည် တွေ့မြဲ တွေ့ပြန် လေ၏။ ။လက္ခဏာဉာဏ်
ငြိမ်းပုံကား၊ ဤအတူ အနိစ္စ ဆေး–ဒုက္ခ ဆေး–အနတ္တ ဆေးကို
စားလျှင်၊ ရာဂသားငြိမ်းလေ၏၊ မစားမိလျှင်၊ ရာဂသား ဖြစ်မြဲ
ဖြစ်ပြန်လေ၏၊ ထို့ကြောင့်၊ရူပ–သဒ္ဒ–ဂန္ဓ–ရသ–ဖောဋ္ဌဗ္ဗ–ဓမ္မ
တို့ နှင့် ပေါင်းဆုံမိတိုင်း၊ အနိစ္စ–ဒုက္ခ–အနတ္တ–ဆေး တို့ကို
သတိချပ်၍ မပြတ် စားကြရာ၏၊ (ဝါ) စားကြလေကုန်။ ။
မဂ်ဉာဏ် ငြိမ်းပုံကား၊ မာတုဂါမ တယောက်သည်၊ လင်နှင့်
အမြဲဆက်ဆံမှုကို ပြုရလေ၏၊ ဆက်ဆံမှုကို ပြုသော်လည်း၊
သား ပဋိသန္ဓေ ရခြင်းငှါ မထိုက်၊ သားမရ ခြင်းကြောင့်၊ ဆေး
စားမှုပယောဂမရှိ၊ထို့အတူ၊ရူပ–သဒ္ဒ–ဂန္ဓ–ရသ–ဖောဋ္ဌဗ္ဗ,ဓမ္မ
တို့နှင့် အမြဲပင် ဆက်ဆံ၍ နေပါသော်လည်း၊ ရာဂသားမဖြစ်၊
ရာဂ သားမဖြစ် ခြင်းကြောင့်၊ အနိစ္စဆေး– ဒုက္ခဆေး– အနတ္တ
ဆေးတို့ကို အထူးဂရုပြု၍ စားမှုမရှိရပေ၊ ပေါ်လျှင် နာမ်မြုံမှု

နှင့်သာ ပေါ်လေ၏၊ မဂ်ဉာဏ် ငြိမ်းသည်ကား ဤလို ငြိမ်းသည် ဟု အမြဲအစွဲ ယူကြ မှတ်ကြလေကုန်။ ။ဖိုလ်ဉာဏ်ငြိမ်းပုံကား၊ မာတုဂါမ တယောက်သည်၊ လင်နှင့်လည်း မဆက်ဆံ၊ လင်နှင့် မ ဆက် ဆံ သော ကြောင့်၊ သားကိစ္စ— ဆေး ကိစ္စ တို့သည် လုံးလုံး မရှိပေ၊ ထို့အတူ၊ ကာမဂုဏ်မှု တရား တွေနှင့် လုံးလုံးကင်း၍၊ အရဟတ္တဖိုလ် ချမ်းသာ ကိုသာ မြင်၍ ငြိမ်းလေ၏၊ ဖိုလ်ဉာဏ် ငြိမ်းပုံကို၊ အတိ အလင်း ထိုးထွင်း၍ သိကြရာ၏၊ သိကြလေကုန်။ ။ငြိမ်းပုံသုံးပါးတခန်းပြီး၏။

တနည်း၊ သစ္စာလေးပါး သရုပ်ကို ပြပေအံ့။ ။နာမ်ရုပ်သည် ဘောက်ပြန် ပျက်စီးမှု အစဉ် ဖြစ်သောကြောင့် ဒုက္ခသစ္စာအမှန် ဖြစ်ပေ၏၊ သမုဒယ သစ္စာ ဆိုတာ၊ ဒုက္ခ သစ္စာမှလည်း တခြား မရှိ၊ ဒုက္ခသစ္စာလည်း မဟုတ်၊ မဟုတ်ပုံကို ဥပမာဆောင်၍ ပြပေအံ့၊ လောက၌ ဖွဲ့ကြမ်း သည်၊ ပကတိ အတိုင်း ညှော် ထင်ရှား မရှိချေ၊ မီးနှင့် တွေ့ထိ မှသာလျှင် ညှော်သည် ထင်ရှား ဖြစ်ပေါ် လာလေ၏၊ ဖွဲ့ကြမ်း ထဲမှာလည်း မရှိ၊ မီးထဲ မှာလည်း မ ရှိ၊ ကြား ထဲ က ပေါ် သည် လို့လည်း ပြောလို့ မဖြစ်၊ မီးနှင့် တွေ့ဆုံ မိသော အခါမှ၊ ခတ်သဘော အားဖြင့် လတ်တလော ဖြစ်ပေါ်၍ လာလေ၏၊ ထို့အတူ ရုပ္ပနလက္ခဏာ နှင့် နမနလက္ခဏာ နှစ်ပါး တွေ့ထိသော အခါ မှ သာယာမှု ဆိုသော သမုဒယ သဘော ထင်ရှား ဖြစ်ပေါ်၍ လာလေ၏၊ ပကတိ နာမ်ထဲ မှာလည်း မရှိ၊ ရုပ်ထဲ မှာလည်း မရှိ၊ ကြားထဲက ပေါ်သည် လို့လည်း ပြောလို့ မဖြစ်၊ ထို့အတူ၊ သမုဒယ သစ္စာ ပေါ်မှုကို မှတ်ကြလော့၊ သိကြလေ။ ။

မဂ္ဂသစ္စာပေါ်ပုံမှာကား၊ နာမ်ရုပ် ဒုက္ခသစ္စာ မှလည်း တခြား မရှိ၊ နာမ်ရုပ် ဒုက္ခသစ္စာလည်း မဟုတ်ချေ၊ မဟုတ်ပုံကို ဥပမာ ဆောင်၍ ပြပေအံ့၊ မီးနှင့်မီးရောင်၊ နေနှင့် နေရောင်၊ လနှင့် လရောင်၊ ကျောက်နှင့် ကျောက်ရောင်၊ မီးသည် အရောင် မဟုတ်၊ အရောင်သည် မီးမဟုတ်၊ နေသည် အရောင် မဟုတ်၊ အရောင်သည် နေမဟုတ်၊ လသည် အရောင် မဟုတ်၊ အရောင်သည် လမဟုတ်၊ ကျောက်သည် အရောင် မဟုတ်၊ အရောင်သည် ကျောက်မဟုတ်၊ မီး — နေ – လ — ကျောက်တို့ နှင့်လည်း ပစ္စည်း မကင်း၊ ရောလည်း မရော၊ သဘောမှာ လည်း မတူ၊ အမူအရာလည်း ကွဲလေ၏၊ မီး—နေ-လ-ကျောက် မှ အပလည်း အရောင်မရှိ၊ ထို့အတူ၊ ဒုက္ခသစ္စာ နာမ်စိတ် အစဉ်မှာ၊ အမိုက်ခါတ် ကင်း၍ အလင်းခါတ် ပေါ်မှု ကိုပင် မဂ္ဂသစ္စာဟု ဆိုရသည်၊ မဂ္ဂ သစ္စာဟု ယူကြ မှတ်ကြလေ ကုန်။ ။နိရောဓသစ္စာ ပေါ်ပုံမှာ၊ မြွေကို မြင်၍ မြွေ ကိုက်မှု ဘေးသည် ငြိမ်းလေ ဘိသကဲ့သို့၊ ဒုက္ခသစ္စာကို မြင်၍၊ သမုဒယသစ္စာဖြစ်မှု၊ နောင်တဘန် သေမှုငြိမ်းလေ၏၊ တနည်း၊ ဥပမာ ဆောင်သော်၊ မွေးလျှင် သား သမီး ပြောစရာ ထင်ရှားရှိ ၏၊ မမွေးလျှင် သား သမီး ပြောစရာ ထင်ရှားမရှိချေ၊ ထို့အတူ၊ ဖြစ်လာ ပေါ်လာလျှင်၊ ကိလေသာ သမုဒယဟု ပြောစရာ ထင်ရှား ရှိလေ၏၊ မဖြစ်လာ မပေါ်လာလို့၊ ကိလေသာ သမုဒယဟု ပြောစရာငြိမ်းလေ၏၊ ဤငြိမ်းမှုကိုပင် နိရောဓ သစ္စာဟု ပြောရ၏၊ ဟောရ၏၊ နိရောဓ သစ္စာဟု မှတ်ကြ ယူကြလေကုန်။ ။

တနည်း၊ ဘင်ချုပ်၊ နိရောဓချုပ်၊ အသင်္ခတချုပ် သုံးပါးကို ခွဲ၍ ပြပေအံ့။ ။ဘင်ချုပ်သည်၊ ထင်ထင်ရှား ရှိ၍ သားသမီး ခဏခဏ မွေးပြီး၍ ခဏခဏ သေ၍ နေသည်နှင့် တူ၏၊ နိရောဓချုပ်သည်၊ လင် သေပြီးသည်နောက် သား, သမီး ကျန်ရစ်သည်နှင့် တူ၏၊ အသင်္ခတ ချုပ်သည်၊ လင်နှင့် ကင်း၍ သား, သမီး နောက်ထပ် မဖြစ် မပေါ်လာသည် နှင့် တူ၏၊ လင်ထင်ရှားရှိ ဆိုသည်နှင့်၊ သမုဒယ မပြတ်သည် တူစေ၊ သားသမီး ခဏခဏ မွေးပြီး ခဏခဏ သေသည်နှင့်၊ ရုပ်နာမ် ခဏခဏ ဖြစ်ပျက်၍ နေသည် တူစေ၊ လင်သေ၍ သားသမီး ကျန်ရစ်သည်နှင့်၊ ခန္ဓာအကြွင်း ကျန်ရစ်သည် တူစေ၊ လင်နှင့် ကင်း၍ သားသမီး အသစ် မဖြစ်မပေါ်သည်နှင့်၊ ခန္ဓာအသစ် မဖြစ်မပေါ်သည် တူစေ၊ ဤတရား သဘောတို့ကို ပိုင်းပိုင်း ခြားခြား သိအောင် လုပ်ကြတပည့်တို့၊ သို့မှသာလျှင် နိဗ္ဗာန်ကို မျက်မှောက် ပြုရပါလို သော၀ှာ သံသရာ အစ မထင်က တောင်းခဲ့ ရသော ကိစ္စတခါတည်း လက်စသိမ်း၍ ငြိမ်းလေ၏၊ ချုပ်လေ၏၊ သည်လိုမှမဟုတ်လျှင်၊ မဆုံးတန်း မတုံးတန်း တောင်းကြရဦးမည်၊ ဒါန, သီလ, ဘာဝနာ, အမျိုးမျိုး တို့ကို ပြုကြ ရဦးမည်၊ ဆရာ ရှာကြ ရဦးမည်၊ သည်တရား တို့ကို သိကြ မြင်ကြလျှင်၊ သံသရာ စက်ရပ်ပြီဟု မုချ မှတ်ကြလေကုန်။ ။

ရှုပုံကား၊ ဘင်ချုပ်ကို ဒုက္ခ သစ္စာ ဟု ရှုရသည်၊ ဘင်ချုပ်ကို ဒုက္ခ သစ္စာဟု ရှုမှ သမုဒယ သစ္စာဖြစ်မှု ငြိမ်းမည်၊ သမုဒယငြိမ်းမှ နိရောဓ သစ္စာဖြစ်သည်၊ နိရောဓသစ္စာ ဖြစ်မှ

အသင်္ခတချုပ်သို့ ရောက်မည်၊ အသင်္ခတချုပ်ဆိုတာ၊ သင်္ခတ တရား တို့နှင့် မဆက် မဆံသော သဘောကို ဆိုသည်၊ ဤ နေရာ၌ သင်္ခတနှင့် စပ်၍ မဂ္ဂသစ္စာ ဉာဏ်ဖြင့် ဒုက္ခသစ္စာကို မြင်၍ သာယာမှု ငြိမ်းသော သဘောကို အသင်္ခတဟု မှတ် တတ်သည်၊ ထို့ကြောင့် နိရောဓချုပ်နှင့် အသင်္ခတချုပ်ကို ခွဲ၍ သိကြရမည်၊ နိရောခချုပ်က သစ္စာရသည်၊ သစ္စာထိုက် သည်၊ အသင်္ခတချုပ်က သစ္စာမထိုက်၊ သစ္စာမှ လွတ်သော သဘော တရား ပင်တည်း၊ ထို့ကြောင့် သဉပါဒိသေသ နိဗ္ဗာန်, အနုပါဒိသေသ နိဗ္ဗာန်ဟု နှစ်မျိုး နှစ်စား ဟောလေ သည်။ ။

တနည်းပြဦးအံ့။ ။ဒုက္ခ သစ္စာ တရား သည် မီးတောက် မီးလျှံနှင့် တူ၏၊ သမုဒယ သစ္စာသည် မီးကို ဖြစ်စေမှု အား ပေးမှု ဆီနှင့်တူ၏၊ မဂ္ဂသစ္စာသည် မီး၏ အရောင်နှင့် တူ၏၊ နိရောဓ သစ္စာသည် မီး၏ အရောင် အတွက်၊ အမှောင်ကင်း ၍ အလင်း အအေးနှင့် တူ၏၊ အသင်္ခတ တရားသည် မီး၏ အရှိန် အဟော် အာနုဘော်ကင်း၍၊ ပတ္တမြား ရောင်ကြောင့် လင်းသော အလင်းဓာတ်အအေးဓာတ်နှင့်တူ၏၊ ဤကား၊ မီး မလွတ်သော နိဗ္ဗာန်, မီး လွတ်သော နိဗ္ဗာန် ဟူ၍ နှစ်မျိုး နှစ်စားကို၊ ခွဲခြား၍ သိစေခြင်း ပင်တည်း။ ။နိရောခချုပ် သည် အကြောင်းချုပ်မှုကို ဆိုသည်၊ အသင်္ခတ ချုပ်သည် အကျိုးချုပ်မှုကို ဆိုသည်၊ ဤအကြောင်းချုပ်မှုနှင့် အကျိုး ချုပ်မှုနှစ်ခု၏ အကြားကာလကို ဖိုလ်ချမ်းသာဟု ဆိုရသည်၊

ဤဖိုလ်ချမ်းသာမှာ၊ မဂ်ဉာဏ်သည် အကြောင်း၊ ဖိုလ်သည် အကျိုးပင်တည်း၊ ။

တနည်း၊ နိရောဓချုပ်သည်၊ မယားသေဆဲတွင်၊ လင်ဖြစ်သူမှာ ကာမရာဂ ကိလေသာ တရားတို့ ကင်းရှင်း ပို့နှင့်တူ၏၊ နောက်တဘန် ကိလေသာ သမုဒယ ဖြစ်ပြန်လျှင် နောက်ထပ် မယားယူပြန် သူနှင့်တူ၏၊ အသင်္ခတ အကျိုးချုပ်သည် မယားသေပြီး သည်နောက်၊ ကျန်ရစ်သူ လင်သေပြန်သည်နှင့် တူ၏၊ နောက်ထပ် တဘန် ဒုက္ခသစ္စာ အကြောင်း အကျိုးပေါ်မှုမရှိ၊ ပကတိ ကင်းရှင်းချုပ် ငြိမ်းခြင်းသို့ ရောက်လေ၏၊ ဤကား၊ နိရောဓချုပ် အသင်္ခတချုပ် နှစ်မျိုးနှစ်စား ခွဲနည်းပင်တည်း။ ။

သင်္ခတဓမ္မ ကို၊ ပညတ်, ပရမတ်, ကုသိုလ်, အကုသိုလ် ဖြစ်ပုံတို့ကို အထူး ခွဲ၍ ပြလိုက် ဦး အံ့။ ။ပညတ် ဆိုတာ စိတ်, စေတသိက်, ရုပ်, သုံးပ း ပေါင်းမိမှ၊ စေတသိက်၏ လုပ်ငန်း ဟံဆိပ်ရေးမှု အက္ခရာပေါ်မှုကို ပညတ်ဟု ဆိုသည်၊ အက္ခရာ ပေါ်မှုမှ အပ, ပညတ်မရှိ၊ ပညတ် ဆိုတာ ရုပ်နာမ် မှာ ရှိသည်မဟုတ်၊ နာမ် တရား ၏ အမှုအရာ မျှသာ တည်း၊ အက္ခရာ ဟူသည် မြင် ကောင်း ကြား ကောင်း သော တရား မဟုတ်၊ ဖြစ်ပျက် ရသော တရား မဟုတ်၊ လက္ခဏာ ထိုက်သော တရားမဟုတ်၊ အရိယ သစ္စာ ယိုက်သော တရား မဟုတ်၊ မဂ် ဖိုလ်-နိဗ္ဗာန်နှင့် ဆိုင်သော တရားမဟုတ်၊ ထို့ကြောင့်၊ ဤအက္ခရာ ပညတ်သည်၊ သဘော ကင်းသော အနတ္တ ကာလသုံးပါးမှ လွတ်သော အနတ္တဟု ဟောတော်မူ

သည်၊ ရုပ်နာမ် ပရမတ်သည် အကြောင်း အကျိုးလည်း ဟုတ်၏၊ ဖြစ်ပျက်လည်း ရ၏၊ လက္ခဏာလည်း ထိုက်၏၊ အရိယ သစ္စာလည်း ဟုတ်၏၊ မဂ်ဖိုလ် နိဗ္ဗာန်နှင့်လည်း ဆိုင်၏၊ ဤသို့ ပြအပ်သော တရား အတိုင်း ဆိုင်မဆိုင် ခွဲခြား၍ သိကြလေကုန်။ ။

ကုသိုလ် အကုသိုလ် ဖြစ်ပုံကို ရုပ်နှင့် ခွဲ၍ လက္ခဏာ ရမရကို ပြပေအံ့။ ။လောက ဥပမာ ပိန္နဲသီး ကို ခွဲ၍ ကိုင်လိုသောအခါ၊ လက်ကို ဆီမသုတ်မလိမ်းဘဲ ကိုင်သော်၊ လက်မှာ အစေး ပေလေ၏၊ အစေး ကပ်လေ၏၊ ဆီသုတ်၍ ကိုင်လျှင် အစေးပြယ်မှု အစေးကင်းမှုကို ရလေ၏၊ ထို့အတူ ဝတ္ထု အာရုံတို့နှင့် တွေ့ဆုံလျှင်၊ ကံ-ကံ၏ အကျိုး ဒုက္ခသစ္စာ ဖြစ်မှုကို ယုံကြည်သောအခါ သဒ္ဒါစေတသိက်ဦးမစီးလျှင် ကိလေသာ အညစ် အကြေး အစေးအခွဲ တဏှာသည်၊ စိတ်အစဉ်၌ ကပ်ငြိ လေ၏၊ ထိုအခါ၊ အကုသိုလ် ဖြစ်သည်ဟု ပြောရ၏၊ ယုံကြည်မှု သဒ္ဒါစေတသိက် ဦးစီးခဲ့လျှင်၊ ကိလေသာ အညစ် အကြေး အစေး အခွဲ တဏှာသည် စိတ် အစဉ်၌ ကင်းရှင်းလေ၏၊ ထိုအခါ ကုသိုလ် ဖြစ်သည်ဟု ပြောရ၏၊ ဤအညစ် အကြေးကင်းမှု မကင်းမှု သဘော သတ္တိသည်၊ ဖြစ်ပျက် မရ၊ လက္ခဏာ မထိုက်၊ စိတ်စေတသိက် ရုပ်တို့သာ လက္ခဏာ ထိုက်လေ၏၊ ထိုက်သော တရား မထိုက်သော တရား နှစ်ပါးကို ခွဲ၍ သိကြရာ၏၊ ထို့ကြောင့် "ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ" ဟု ဝိသေသနပုဒ်နှင့် ဟောတော်မူသည်၊ အကျိုးတရားမှာ ကုသိုလ် အကုသိုလ်မရှိ၊

အကြောင်း တရားသည် သာလျှင် ကုသိုလ် အကုသိုလ်ဟု ဆိုရ၏၊ ပြောရ ဟောရ၏၊ ထိုနေရာ၌၊ အလုံးစုံသော ဝတ္ထု အာရုံသည် ပိန္နဲသီး နှင့် တူ၏၊ ကိလေသာ တဏှာ အညစ် အကြေးသည် ပိန္နဲစေးနှင့်တူ၏၊ ယုံကြည်မှု သဒ္ဓါ စေတသိက် သည် ဆီနှင့်တူ၏၊ စိတ်အစဉ်သည် လက်နှင့်တူ၏၊ ဤဥပမာ အတိုင်းမြင်ကြလေကုန်။ ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ထင်ပုံကို ဥပမာနှင့် ဆောင်၍ ပြဦးအံ့။ ။အနိစ္စ ထင်ပုံကား။ ။ထောင်ထဲ၌ လူသတ်မှု နှင့် အကျဉ်းချုပ်ခံ၍ နေရသော သူသည် တနေ့၌ ကြိုးမိန့်ကျ သည်ရှိသော်၊ ထိုအကျဉ်းသားသည်၊ ထောင်မှူး ထောင်ပိုင် တို့က၊ ဘောဇဉ် ခဲဘွယ် တို့ကို အလိုရှိ သလောက် စားပါ သောက်ပါဟု ဆိုသော်လည်း မိမိစိတ်၌ သာယာ ရွှင်မြူးမှု မဖြစ်နိုင်၊ ချစ်လှစွာသော မယားသားက၊ အနီး၌ လာ၍ ကိ လေသာနှင့် မှုခါ ချော့ခါ ဖျော်ဖြေ ပါသော်လည်း၊ မိမိစိတ်၌ ပျော်ရွှင်မှု မဖြစ်နိုင်ချေ၊ အဘယ်ကြောင့် ဆိုသော် သေဘေး ကြီးကို အမြဲမြင်၍ စွဲနေသောကြောင့် ပင်တည်း၊ ထို့အတူ၊ အနိစ္စ ထင်သောအခါ၊ အာရုံ၌ နာမ်တရား ရုပ်တရားတွေ အ မြဲမပြတ် ဒလစပ် ဖြစ်ပေါ်လျက် ခဏခဏ မရဏ သေဘေး ကြီးဆိုက်၍ နေကြရ ကုန်သည်၊ ဒါကြောင့် မြတ်စွာ ဘုရား သည်၊ အနိစ္စလို့ ဟောတော်မူတာကိုးလို့ ဉာဏ်၌ အတိ အ လင်းထင်မြင်လေ၏၊ ထိုသို့ထင်မြင်သောအခါ၊ အာရုံ၌ ရွှင်မှု နောက်မှုကို ဖြစ်စေတတ်သော အနုသယ ကိလေသာ၊ ထွေထွေ လာလာကြံစည်မှု ပရိယုဋ္ဌာန ကိလေသာ လွန်ကျူးမှု ဝီတိက္ကမ

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

ကိလေသာ၊ ဤအယုတ်တရားတို့သည်၊ တချက်တည်း ကင်းပြတ်လေတော့၏။ ။ဤကား အနိစ္စထင်ပုံတည်း။ ။

ဒုက္ခ ထင်မြင် ပုံကား။ ။လောက ဥပမာ တကိုယ်လုံးကို နူနာစွဲ၍ သွေးစိမ်းတွေ ကွက်လပ် မကျန်အောင် ယိုစီးလျက်နေသော သူသည် မိမိကိုယ်၌သာယာနှစ်သက်ဘွယ်ရာ မရှိသကဲ့သို့၊ ထို့အတူ ဒုက္ခထင်သော သူသည် နာမ်ရုပ်နှစ်ပါး၌ အကောင်းကင်း အကောင်းရှင်း အကောင်းမရှိ မကောင်းအတိဖြစ်လေ၏။ ။ဉာဏ်အစဉ်၌ မြင်လေ၏၊ ထိုအခါ ကိလေသာသုံးချက် တပြိုင်နက် ပြတ်လေ၏ ငြိမ်းလေ၏။ ။ဤကား ဒုက္ခထင်မြင်ပုံတည်း။ ။

အနတ္တ ထင်မြင် ပုံကား ။ ။ ကောင်းကင် လွင်ပြင် ၌ သိမ်းပိုက်စရာ သိမ်းဆည်း စရာ မရှိ လုံးလုံး ဖြစ်၍ နေသောကြောင့် သိမ်းပိုက်မှု ကင်း၍ နေလေ၏၊ ဤကဲ့သို့ သိမ်းပိုက်မှုကင်း၍ နေဘိသကဲ့သို့၊ ထို့အတူ ရုပ်နာမ်နှစ်ပါး၌ ဖြစ်ပျက်သဘောမျှ သင်္ခါရလောကကြီးကို အနှစ် အသား ရှာမရဘဲသက်သက် လဟာပြင် ကောင်းကင် ကြီးဟု ထင်မြင် လေ၏ထိုသို့ ထင်မြင်သော အခါ ကိလေသာ သုံးချက်သည် တပြိုင်နက်ကင်းချုပ်လေ၏၊ ငြိမ်းခြင်းသို့ ရောက်လေ၏။ ။ဤကားအနတ္တထင်မြင်ပုံတည်း။ ။အနတ္တ ဆိုတာ ကောင်းမကောင်းဟုတ်မဟုတ် သုဉ်းဆိတ်၍ နေသည်ကို အနတ္တဟု ဆိုသည်အနတ္တ ဟု ဟောသည်၊ သုည, တုစ္ဆ, ရိတ္တ, ဟုလည်း ဟောသည်၊ သဘာဝလို့လည်း ဟောသည်၊ ဤသို့ ဟောတော်မူ

သောတရားကို ဟောသည် အတိုင်း ထိုးထွင်း၍ သိမှုမြင်မှုကို ပင်၊ ပဋိဝေဓဉာဏ်ဟု ဆိုသည်၊ ဤပဋိဝေဓဉာဏ်ကို ရောက် ကြမှသာလျှင် သာသနာသုံးရပ် စလုံးပြည့်စုံလေတော့၏၊ ဤ ဉာဏ်သို့ မရောက် ကြသေးလျှင်၊ သာသနာတော် တွင်းလို့ ပြောစရာပြစရာ မရှိချေ၊ သာသနာပနှင့် မထူးကြဟု မှချမှတ် ကြလေကုန်။ ။

တနည်း၊ သင်္ခတ—အသင်္ခတ-တရား နှစ်ပါးသည် တခုနှင့် တခု ကျေးဇူးမကင်းပုံ ရောယှက်မှု မရှိပုံ ကိုလည်း ပိုင်းခြား၍ သိကြရာ၏။ ။သိရပုံကား သင်္ခတ တရားသည် မငြိမ်းပုံ လည်းမှန်၏၊ အသင်္ခတ တရားသည် ငြိမ်းပုံလည်း မှန်၏၊ ဤ မငြိမ်းမှုတရား ငြိမ်းမှုတရားတို့သည် တခုနှင့် တခု ဆန့်ကျင် ဘက်မှုပေတည်း၊ ဝါ မတွဲသော တရားတို့ ပေတည်း၊ ထို့ ကြောင့် သင်္ခတ တရား ထဲမှာပင် အသင်္ခတရှိသည်ဟု ပြော လျှင် ဟောလျှင် မှားလေစွ မှောက်လေစွ သင်္ခတ တရားနှင့် လွတ်၍ ကင်း၍ အသင်္ခတ တရား တခြား ဖြစ်သည် ရှိသည် ဟု ပြောလျှင် ဟောလျှင်လည်း မှားလေစွ မှောက်လေစွ၊ အဘယ်ကြောင့် ဆိုသော် ဥစ္ဆေဒ သဿတ နှစ်ခု မလွတ် သောကြောင့် ပင်တည်း။ ။ဘယ်လို လွတ်အောင် လုပ်ရ မြင်ရပါမည်နည်းဟု ဆိုသော်၊ ထင်ရှားရှိသော ကိလေသာ ခန္ဓာသည်၊ မမြဲမှု ဆင်းရဲမှု အစိုး မရမှု ပေတည်း၊ ဤမမြဲမှု ဆင်းရဲမှု အစိုးမရမှု တရား သဘောသည် သင်္ခတ တရား ပင်တည်း၊ ဤ သင်္ခတ တရားမှာပင် ကိလေသာ တရားတို့ သည်၊ ဖြစ်ခွင့် ပေါ်ခွင့် ရကြကုန်၏။ ။ဤ သင်္ခတတရားမှာ

ကိလေသာ တရားတို့သည် ထင်ရှား ရှိကုန် သလောဟု ဆိုသော်၊ ထင်ရှား မရှိပေ၊ ထင်ရှား မရှိ သော်လည်း ဖြစ်စရာ ပေါ်စရာ အကြောင်း ရှိလျှင် ခတ်သဘော အားဖြင့် လတ်ကလော ဖြစ်ပေါ်၍ လာလေ၏၊ ဤဖြစ်ပေါ်မှု သဘော သခံတ တရား၌ ထင်ရှား မရှိ သည်ကို အတိ အလင်း ထိုး ထွင်း၍ သိမြင်လျှင် ငြိမ်းသဘောနှင့် မငြိမ်း သဘော မကင်းပုံ မရော မယှက်ပုံကို အတိအလင်း ထိုးထွင်း၍ သိမြင်လေတော့၏။ ။မြင်ပုံကို ဥပမာဆောင်၍ ပြသော်၊ မီးခြစ်တံနှင့် ကာပတ်ဖြစ်ပုံ နေပုံ မီးတောက် ပေါ်လာပုံကို သိရာ၏၊ ၎င်းမီးတောက်သည်၊ မီးခြစ်တံ ထဲမှာလည်း မရှိ ကာပတ် ထဲမှာလည်း မရှိ၊ မီးခြစ်တံနှင့် ကာပတ် အကြောင်း နှစ်ခု ပေါင်းဆုံမှု ဖြစ်မှုသာ မီးတောက်သည် ထင်ရှား ဖြစ်ပေါ်လာ၏၊ ထိုမီးတောက်သည် မီးခြစ်တံ ကာပတ် နှင့်လည်း ပစ္စည်း မကင်း အတူလည်း မဟုတ်ချေ။ ရောလည်း မရော ယှက်၊ ကွဲလည်း မကွဲ ဖြစ်ပေ၏၊ မီးခြစ်တံ ကာပတ်သည်၊ အကြောင်း နှစ်ခုပေါင်းဆုံမှုကို ပြုပါသော်လည်း မိုးသည်းစွတ် ရေစွပ်၍ နေလျှင် ထိခတ်မှုကို ပြုချင်တိုင်းပြု မီးတောက်သည် မဖြစ် မပေါ်ဘဲ ငြိမ်းခြင်းသို့ ရောက်လေ၏၊ ဝါ၊ မီး မတောက်ဘဲ ရှိလေ၏၊ ထိုနည်းတူစွာ ကိလေသာ ငြိမ်းမှု ဆိုသည်ကား၊ သခံတ ရုပ်နာမ်နှစ်ပါး၌ ပေါ်မဲ့သဘော၊ ပေါ်တဲ့ သဘော ထင်ရှား လာလေ၏၊ မီးတောက်နှင့် တူ၏၊ ရုပ်နာမ် နှစ်ပါးသည် မီးခြစ်တံ ကာပတ်နှင့် တူလေ၏၊ ငြိမ်း သဘောသည် မီးတောက် မဖြစ်မပေါ်မှုနှင့် တူလေ၏၊ ကင်း

လည်း မကင်း၊ ရောလည်း မရော၊ သဘော မှာလည်း မတူ၊ အမူအရာလည်း ကွဲလေ၏၊ ဤတရား သဘော တို့သည်၊ အာရုံခြောက်ပါးတို့၌၊ ရုပ်နာမ်အစုံအစုံ ပေါ်တိုင်း ပေါ်တိုင်း ပင်လျှင် ကိလေသာ မငြိမ်းမှု ကိလေသာ ငြိမ်းမှု သဘောတို့ သည် ထင်ရှားရှိလေ၏၊ ပဋိဝေဓ ဉာဏ်ဖြင့် ပိုင်းပိုင်း ခြားခြား သိကြမြင်ကြရာ၏။

တနည်း၊ သင်္ခတ, အသင်္ခတ, တရား နှစ်ပါး သည်၊ အပူ ဓာတ်နှင့် အအေးဓာတ် ဖြစ်ကြ ကုန်၏၊ ဥပမာဆောင်သော် မီး, ရေနှင့်လည်း တူ၏၊ နေ, လ, နှင့်လည်း တူ၏၊ ထောင်တွင်းသား ထောင်ပြင်သားနှင့်လည်း တူ၏၊ ရောဂါရှိသူ၊ ရောဂါ မရှိသူ နှင့်လည်း တူ၏၊ သားသမီး ရှိသူ, မရှိသူနှင့်လည်း တူ၏၊ ခရီး ရှိသူ, မရှိသူ နှင့်လည်း တူ၏၊ ကြွေး သင့်သူ, မသင့်သူ နှင့်လည်း တူ၏၊ ရန်သူ ရှိသူ, မရှိသူနှင့်လည်း တူ၏၊ မြွေကိုက်ခံရသူ မခံရသူနှင့်လည်း တူ၏၊ ဤသို့ပြခဲ့သော ဥပမာတို့မှာ ရှေ့ ဥပမာသည် သင်္ခတ တို့တည်း။ နောက် ဥပမာသည် အသင်္ခတ တို့တည်း။ သင်္ခတ ဆိုကာ ဖြစ်ပျက် သဘော ကို ဆိုသည်၊ အသင်္ခတ, ဖြစ်ပျက် သဘော မရှိသည် ကို ဆိုသည်၊ ဖြစ်ပျက် မရှိ ဟု ဆိုတာ ရုပ်နာမ် မရှိသည် ကို ဆိုသည်၊ [illegible] အကြောင်း အကျိုး ဒုက္ခ သမုဒယ ငြိမ်းသည်ကို ဆိုသည်၊ ဤငြိမ်းသဘောကို သိလိုလျှင်၊ အာရုံ ခြောက်ပါးကို ပိတ်၍၊ ဉာဏ်မြင် သက်သက်ဖြင့် မြင်အောင် ရှုပါ၊ အာရုံခြောက်ပါး ကို မပိတ်မဆို့လျှင် မမြင်နိုင်ခြေ၊ အဘယ် ကြောင့် မမြင်နိုင် သနည်းဟုဆိုသော်၊ သညာဝိပ္ပလ္လာသ, စိတ္တဝိပ္ပလ္လာသ, ခုခံ၍နေ

သောကြောင့် ပင်တည်း၊ ဝိပ္ပလ္လာသကင်းလျှင်၊ ကြောင်ကြောင်ကြီးမြင်နိုင်ရာ၏၊ အာရုံခြောက်ပါး၊ တံခါး ခြောက်ပေါက် သည့်သင်္ခါသန္တတိ အစဉ် စီးလျက် နေ၏၊ ဤ သင်္ခတသန္တတိ အစဉ်ကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ဆိုရ၏၊ ဒုက္ခသစ္စာလည်း မည်၏၊ သမုဒယ သစ္စာလည်း မည်၏၊ မဂ္ဂ သစ္စာလည်း မည်၏၊ နိရောဓ သစ္စာလည်း ရ၏၊ အသင်္ခတ ဆိုတာ သစ္စာမှလွှတ်သော တရားပင်တည်း၊ ထို့ကြောင့် အသင်္ခတ သဘောကို မြင်အောင် ရှုကြရမည်၊ မြင်အောင် လုပ်ကြရမည် ဟု ငါဆရာ မိန့်ဆို တိုက်တွန်း သတည်း။ မြင်မှု သဘောသည်၊ ရှေ့ကာလ နောက်ကာလ မရှိမရှိ၊ ယခုအလုပ်ခွင်မှာ ငင်လျှင် ယခု မြင်ကြရာ၏၊ အလုပ်မရှိလျှင် မမြင်နိုင်ကြကုန် ဟု မှတ်၊ မြင်လျှင် သာသနာကို တကယ်တွေ့ပြီ၊ မမြင်လျှင် သာသနာကို တကယ် မတွေ့ကြသေးဟု မုချ မှတ်ကြလေကုန်။

သင်္ခတ ဆိုတာ "နဒီသောတောဝိယ မြစ်ရေယဉ် ကဲ့သို့ အစဉ် စီး၍နေသည်" ဟု မြတ်စွာဘုရား ဟောတော် မူသည်၊ ဤမြစ်ရေယဉ် အစဉ်စီး၍ နေသည်ကိုပင် အထက် ဆိပ်ကမ်းရေ အောက် ဆိပ်ကမ်းရေ စသည်ဖြင့် မှတ်ရ သကဲ့သို့ ထို့အတူ ကောဋ္ဌာသ ဟူ၍ ဓာတ် ဟူ၍ ခန္ဓာ ဟူ၍ အာယတန ဟူ၍ ပဋိစ္စသမုပ္ပါဒ် ဟူ၍ ရုပ်နာမ် နှစ်ပါး ဟူ၍ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ စသည်ဟူ၍ အမှတ် အသား ပြုကြရကုန်၏၊ စင်စစ် သင်္ခတ တရား မှာဖြင့် အမှတ် ပြုစရာတွေ ပြုရတာတွေ တကယ်မရှိ၊ ဖြစ်ပျက် အစဉ်သာ တကယ် ရှိပေ၏၊ အထက် ဆိပ်ကရေ၊ အောက်ဆိပ်ကရေ ဟု မှတ်ရပါသော်လည်း၊

စင်စစ် ဟုတ်ပါ၏ လောဟု ဆိုလျှင် စင်စစ် မဟုတ်ချေ၊ ပညတ် သမ္မုတိမျှသာ မှန်ချေ၏။ ထို့အတူ ဘာဘာ ညာညာ ဆိုတာ တကယ်မရှိပါဘဲ နှင့် ခေါ်ဝေါ်ပြောဆိုရခြင်းသည် လောက၏ အလယ် သမ္မုတိနယ် မှာ အမှုကိစ္စ ပြီးစီးရုံမျှ သုံးရသည် ဟု မုချ မှတ်ကြလေကုန်။ ။

တနည်း၊ အလုပ်စခန်း ကို ပြပေအံ့။ လောက ၌ ရုပ်ကုိယ်ကား၊ မြင်ရုပ်, ကြားရုပ်, နံရုပ်, လျက်ရုပ်, တွေ့ထိရုပ်, ကြံစည်တာ နာမ်, ရုပ်နာမ် နှစ်ပါး ဖြစ်၏။ ၎င်း ရုပ် နာမ် နှစ်ပါး ကို ပိုင်ပိုင် နိုင်နိုင် ပိုင်းခြား သိမြင်မှု ကို ဉာတပရိညာ ဟု ခေါ်ဆို ရ၏၊ ၎င်း ရုပ်နာမ် နှစ်ပါး ၏ အပေါ်၌ မမြဲမှုအစဉ်, ဆင်းရဲမှုအစဉ်, အစိုးမရမှု အစဉ် ကို၊ ပိုင်ပိုင် နိုင်နိုင် ပိုင်းခြား သိမြင်မှု ကိုပင် တီရဏပရိညာ ဟု ခေါ်ဆိုရ၏၊ ၎င်း နာမ်ရုပ်နှစ်ပါး အပေါ်၌ ပယ်အပ်ပြီးသော တရား, ပယ်သင့် ပယ်ထိုက်သော တရားတို့ကို ပိုင်ပိုင် နိုင်နိုင် ပိုင်းခြား သိမြင်မှု ကိုပင် ပဟာနပရိညာဟု ခေါ် ဆိုရ၏၊ ဤ ပရိညာ သုံးပါး မှာ ဉာတပရိညာ အချက် ၌ သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိ အယူဆိုး အယူမှား တို့သည် တခါတည်း ကင်းပြတ် လေတော့ ၏၊ တီရဏပရိညာ အချက် ၌ သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိ အယူမှ အပဖြစ်သော ကိလေသာ တရားယုတ်တို့သည် ကင်းပြတ်လေတော့၏၊ ပဟာနပရိညာ အချက်၌ အဝိဇ္ဇာ နှင့် တဏှာ မူလအမြစ်အရင်းပါ ကင်းပြတ် လေတော့၏၊ ထို့ကြောင့် အရိယာလမ်းကြောင်းကို ကောင်း ကောင်းကြီး လိုက်လို သွားလို ရောက်လိုသော သူတို့သည် ၎င်း ပရိညာ သုံးပါး ကို ပိုင်ပိုင်နိုင်နိုင် စိတ်တွေ့ ဉာဏ်တွေ့ ဖြစ်အောင်

အားထုတ်ကြရမည်၊ လိုက်နာကျင့်သုံးကြရမည်၊ မသိလျှင် မပြီး, သိလျှင် ပြီး၏ဟု မှချ မှတ်ကြလေကုန် တပည့်တို့။

တန်ည်း၊ ဘုရားရှိခိုးမှု, ဒါန အမျိုးမျိုး တို့ကို ပြုမှု, သီလ အမျိုးမျိုးတို့ကို ကျင့်သုံးမှု, ဘာဝနာ အမျိုးမျိုး တို့ကို အားထုတ်မှုတို့၌ ပုထုဇန်တို့ လုပ်ငန်း တမျိုး, အရိယာတို့ လုပ်ငန်း တမျိုးဟု နှစ်မျိုး နှစ်စား ရှိ၏။ ပုထုဇန်တို့ လုပ်ငန်းမှာ ပုဂ္ဂလသတ္တ, အတ္တ, ဇီဝ အယူနှင့် ခု ကောင်းတို့ နောင် ကောင်းတို့ ညှော် တည်းဟူသော ကိလေသာ, အဆိပ် တည်းဟူသော တဏှာ ပါ၍ ပြုကြလုပ်ကြကုန်၏၊ ၎င်းကိလေသာတဏှာတို့နှင့် မတွဲသော နိဗ္ဗာန်တရားကိုလည်း တောင့်ရမ်းကြကုန်၏၊ နိဗ္ဗာန် တရားနှင့် ကိလေသာ တဏှာ တရားတို့သည် မီးနှင့်ရေ၊ မြေနှင့်လေ မိတ်ဆွေ မစပ်သကဲ့သို့ဖြစ်ချေ၏။ ဤနေရာ၌ ကြပ်ကြပ်သတိထား၍ စဉ်စားပါ၊တရားခြင်း ပဋိပက္ခဖြစ်သည်ကို မသိမမြင်ကြလို့ ထင်မိထင်ရာ ပြုကြလုပ် ကြရသည်၊ ပြုကျိုးမနပ် ကုန်ကျိုးခနပ် ပင်ပမ်းကျိုး မနပ် ဖြစ်ကြရသည်၊ ကိလေသာဝဋ် ကမ္မဝဋ် ဝိပါကဝဋ်တို့ကို အကောင်းထင်၍ပြုကြရသည်။ သေစေတတ်သော အဆိပ်ကို ရသာထူး ရသာမြတ် မှတ်၍ စားသော သူရူး သူမိုက်နှင့်တူ၏၊ လောကကြီးတလုံး၌၊ ကိလေသာဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ဟုဆိုအပ်သော ဝဋ်တိုး ဝဋ်ခဲ ဝဋ် သဘောတွေသာ ထင်ရှား ဧကန် ရှိ၏၊ ဤ ဝဋ်တိုး ဝဋ်ခဲ ဝဋ် သဘော တွေကို သာလျှင်၊ လူ, နတ်, ဗြဟ္မာ,သတ္တဝါ စသည် ခေါ်ဝေါ်သမုတ်ရ၏၊ ဤ ဝဋ်တိုးဝဋ်ခဲ ဝဋ်သဘောတွေ ကို နှုတ်ပယ်၍ ထားလျှင် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါစသည် ဟု ခေါ်ဝေါ်စရာ ပြောစရာ ပြုစရာ သမုတ်

စရာမရှိ၊ ဤ ဝဋ်တုံး ဝဋ်ခဲ ဝဋ်သဘောထဲ၌ မြဲသည်၊ တင့်တယ်သည်၊ ချမ်းသာသည်၊ အစိုးရသည်၊ ပိုင်သည်၊ ဆိုင်နေသော တရားပင်တည်း၊ ထိုအကောင်းကင်း အကောင်းရှင်း အကောင်းမရှိ မကောင်း အတိဖြစ်၍ နေသော တရားကိုပင် အန္ဓဗာလ ပုထုဇန်တို့က ပြောကြ ဟောကြ ယူကြကုန်၏၊ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာဟု စွဲယူမှတ်ထင်ကြ ကုန်၏၊ ဝဋ် ဖြစ်ရတာကို ချမ်းသာသည် ကောင်းသည်ဟု ပြောလျှင် ဟောလျှင် မိစ္ဆာပြော မိစ္ဆာဟောပင်တည်းဟု မုချ မှတ်ကြလေကုန်၊ ယူလျှင် မိစ္ဆာယူဟု မှတ်ကြလေကုန်။ ။

ဤနေရာ၌ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ ချမ်းသာတို့ကို မြတ်စွာဘုရား မဟောဘူးလားဟု သူမေးဘွယ် ရှိပေ၏၊ မြတ်စွာဘုရားသည် ဝဋ်တုံး ဝဋ်ခဲ ဝဋ်သဘောတွေကို ချမ်းသာသည်ဟု မဟောချေ၊ ဟောလို့လည်း မဖြစ်ချေ။ ။

အဘယ်ကြောင့်ဆိုသော် လောက ဥပမာဆိုလျှင် လူတယောက်၌ ကုဋ္ဌနူနာ အိုင်းအမာ စွဲရောက်၍ သွေးစိမ်းတွေကွက်လပ် မကျန်အောင် ယိုစီး၍နေလျှင် ထိုသူ၌ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ကေန်ဖြစ်မည်ဟု ပြောစရာ ဖြစ်ရာသည်းဆိတ်ပေ၏၊ ထို့အတူ ဝဋ်တုံး ဝဋ်ခဲ ဝဋ်သဘော ဒုက္ခသစ္စာတရားကြီး၌ ကောင်းသည် ချမ်းသာသည်ဟု မြတ်စွာဘုရားမဟောပေ၊ မြတ်စွာဘုရား ဟောတော်မူသည်မှာ ၎င်းဒုက္ခသစ္စာဝဋ် တရားတို့၌ အရိယသစ္စာ တရားကို ဆရာတွေ့လျှင် အဆုံးအမဩဝါဒခံ၍ နာကြားမှတ်သားနိုင်မှု အရိယသစ္စာဉာဏ်

သည်ဟု ပြောစရာ ဖြစ်ရာလည်း လုံးလုံးမရှိချေ၊ အကောင်း ကင်း အကောင်းရှင်း အကောင်းမရှိ မကောင်းအတိ ဖြစ်၍ ထို အရိယသစ္စာဉာဏ်ကြောင့် ကိလေသာမီး ငြိမ်းမှု နိဗ္ဗာန် ဤ ကိလေသာ မီးငြိမ်းမှု နိဗ္ဗာန် အကြောင်း တရားကြောင့် ခန္ဓာမီးငြိမ်းမှု အကျိုးတရား၊ ဤအကြောင်း အကျိုး နိဗ္ဗာန် ဓာတ်ကို ရည်ရွယ်၍ မြင်၍ သိ၍ ဟောတော်မူသည်ဟု မှတ် ကြလေကုန်၊ အန္ဓဗာလ ပုထုဇန်တို့ အယူနှင့် မြတ်စွာဘုရား ၏ အယူတော် ဘဝဂ်နှင့် အဝီစိကွာခြား၍ နေသလိုဖြစ်ပေ၏၊ ထိုကြောင့် ယောဂီတို့ သည်နေရာ၌ များများကြီး သတိချပ် ကြလေကုန်၊ ထိထိမိမိ ကြံကြလေကုန်။ ။အရိယာတို့ ပြုကြ လုပ်ကြ အားထုတ် ကြသည်မှာ ဘုရားရှိခိုးမှု၌ ပရိညာသုံး ပါး၊ ဒါနပြုမှု၌ ပရိညာသုံးပါး၊ သီလဆောက်တည်မှု၌ပရိညာ သုံးပါး၊ ဘာဝနာကိစ္စ၌ ပရိညာသုံးပါး အပြီးအစီးဉာဏ်ပါ ကြကုန်၏။ ထိုသို့ ဉာဏ်ပါကြခြင်းကြောင့် လောကီကုသိုလ် အကုသိုလ် သခင်္ခါရ တရားတို့သည် ဆိတ်ကြ သုဉ်းကြ ကုန်၏။ ဤနေရာ၌ လောကီ ကုသိုလ် အကုသိုလ် တရားတို့ကို စွန့် သည်မည်၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုသည် မည်၏၊ ကိလေ သာမီးငြိမ်းမှု ပဌမနိဗ္ဗာန်ကို ရကြ ရောက်ကြကုန်၏၊ ခန္ဓာ မီးငြိမ်းမှု ဒုတိယ နိဗ္ဗာန်ကို သိရမြင်ရ ကုန်၏၊ ဤသို့ရခြင်း ရောက်ခြင်း မြင်ခြင်း ကိုသာလျှင် ဘုရားရှိခိုးမှုအကျိုး ဒါနပြု မှုအကျိုး သီလကျင့်သုံးမှုအကျိုး ဘာဝနာ ပွားမှုအကျိုးဟု ဟောတော် မူ၏၊ ယူလည်း ယူကြရာ၏ သည်မှ အပ အကျိုး ပြောစရာ ဖြစ်ရာ လုံးလုံး မရှိချေ၊ အရိယာတို့မှာ ကုသိုလ်

အကုသိုလ် တရားတို့ကို ငါပြုသည်ဟု မယူကြကုန် ကုသိုလ် အကုသိုလ်ကံ၏ အကျိုးတရားတို့ကို ငါခံစံ ရမည်ဟု မယူကြကုန်၊ ဤ မိစ္ဆာအယူကို လုံးလုံးကြီး ပယ်စွန့်ကြ ကုန်၏။ ဘာဝေတဗ္ဗကိစ္စ, ပဟာတဗ္ဗကိစ္စ, သစ္ဆိကရဏကိစ္စ, ပရိညာကိစ္စ, ဤ ကိစ္စ လေးပါး ကို စိတ်၌ သတိစေတသိတ် အမြဲ ယှဉ်ကြကုန်၏၊ ထို့ကြောင့် အန္ဓဗာလ ပုထုဇန်တို့ လုပ်ငန်း အရိယာတို့ လုပ်ငန်း နှစ်မျိုးနှစ်စား ရှိသည်ဟု ဆရာ ဆိုသ တည်း ယခုအခါ၌ အန္ဓဗာလ ပုထုဇန်တို့ လုပ်ငန်းလမ်းကို ပယ်ကြ၍ အရိယာတို့ လုပ်ငန်းကိုသာ ကြိုးစား အားထုတ် ကြကုန်ရာ၏။ ။

တနည်း၊ ဥပမာနှင့် ပြဦးအံ့၊ အန္ဓဗာလ ပုထုဇန်တို့ ပြုမှုလုပ်မှုမှာ လျှာမရှိသော မိကျောင်း အစာမျိုရသည်နှင့်တူ၏၊ လျှာမရှိသော မိကျောင်း အစာမျိုရသည်မှာ အရသာမတွေ့ ဝမ်း ဝရုံသာ အာရုံထား၍မျိုရသည်၊ ထို့အတူ အန္ဓဗာလ ပုထုဇန် တို့ ပြုမှုလုပ်မှုအားထုတ်မှုမှာ ကိလေသာ မီးငြိမ်းမှု သန္တိသုခ အရသာကို မတွေ့ဘဲ သံသရာ ဝမ်းစာကိုသာ အာရုံပြု၍ လုပ် ကြရ၏၊ သံသရာမှာ မသုံးဟန်း မတုံးတန်း သေမိန့် ကြိုးမိန့် ကျကြကုန်၏၊ အမျိုးမျိုးသော ကိစ္စတွေနှင့်ကြိုးမိန့်ကို လဲလှယ် ဝယ်ယူကြကုန်၏၊ သေရမှာကိုလည်း ကြောက်ကြကုန်၏၊ သေ ခြင်း တရားကိုလည်း အကောင်း ထင်ကြကုန်၏၊ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာကို မျှော်တကြကုန်၏၊ လော က၌ အိုမှု, နာမှု, သေမှု အစ ဒုက္ခတို့မှာ ချမ်းသာမရှိကုန်၊ ပစ္စည်း ပေါများတာကို ချမ်းသာသည်ဟု ယူလျှင်လည်း မြေ

ကိုအစိုးရသော တီကောင်ထက် မပေါများနိုင်၊ နှစ်သိန်းလေး သောင်း အထုရှိသော မြေကြီး သည် ဘယ်အခါမှ ကုန်တယ် မရှိ၊ ထိုသူတို့ကို ချမ်းသာသည်ဟု ဆိုနိုင်မည်လော၊ ချမ်းသာ သည် ဟု ဘုရား မဟောချေ၊ ဘုရား ဟောသည် မှာ ကိလေ သာမီး ခန္ဓာမီး ငြိမ်းမှုကိုသာ ချမ်းသာသည်ဟု ဟောတော် မူသည်၊ အန္ဓဗာလ ပုထုဇန်တို့ အယူနှင့် မြတ်စွာဘုရား၏ အ ယူတော် ကွာခြားရှဲ နေကြကုန်၏၊ လမ်းခရီး မှားသောသူတို့ နှင့် တူကြကုန်၏၊ ပိုးဖလံမျိုးနှင့်လည်း တူကြကုန်၏၊ မြူးပိုက် ကွန်၌ ဝင်မှားသော သားငါး တိရစ္ဆာန်မိုက်တို့နှင့်လည်း တူ ကြကုန်၏၊ ပြုနိုင်လျှင် ကောင်းသည်, ရသည်, ချမ်းသာသည် ဟု မိစ္ဆာဒိဋ္ဌိ အယူကိုလည်း ယူကြကုန်၏၊ ကြောက်ဘွယ် လန့်ဘွယ် ကောင်းလှလေ၏၊ သာသနာ နှင့် ဝေးကြကုန်၏၊ သာသနာ ပကြကုန်၏၊ ရတနာ သုံးပါးနှင့် ကွေကွင်း ကြရ ကုန်၏၊ တပည့်တို့ များများ သတိထားကြကုန်ဟု ဆရာနိုး ဆော်လိုက်သည် တိုက်တွန်းလိုက်သည် သတိရှိကြစေကုန်။ ။

## အထက်ကစကားတို့ကို ယုံကြည်ဘွယ် သာဓက သက်သေ ကျမ်းဂန် တို့ကို ပြပေအံ့။

ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ
ဗုဒ္ဓေနာ ဒိစ္စဗန္ဓုနာ
အန္ဓော ပုထုဇ္ဇနော ဧကော
ကလျာဏေကော ပုထုဇ္ဇနော။ ။

တတ္ထ ယဿ ခန္ဓာဓာတု အာယတနာဒီယု ဥဂ္ဂဟာဏ ပရိပုစ္ဆာ သဝန ဓာရဏ ပစ္စဝေက္ခဏာနိ နတ္ထိ အယံ အန္ဓပုထုဇ္ဇနော၊ ယဿ ပန တာနိ အတ္ထိ သော ကလျာဏ ပုထုဇ္ဇနော။ ။

## သီလက္ခန် အဋ္ဌကထာ။

အန္ဓော၊ သုတမယ ပညာ ဘာဝနာမယ ပညာ မျက်စိ ကန်းသော ဧကော တယောက်သော ပုထုဇ္ဇနော ပုထုဇန် ပုဂ္ဂိုလ်ရင်း ကလျာဏော သုတမယ ပညာ ဘာဝနာမယ ပညာ မျက်စိ ကောင်းသော ဧကော တယောက် သော ပုထုဇ္ဇနော ပုထုဇန် ပုဂ္ဂိုလ်ရင်း ဣတိ ဤသို့ ဒုဝေ နှစ် ယောက် ကုန် သော ပုထုဇ္ဇနာ ပုထုဇာန် ပုဂ္ဂိုလ် တို့ကို အာဒိစ္စဗန္ဓုနာ နေမင်း၏ အဆွေ ဖြစ်တော်မူသော ဗုဒ္ဓေန ငါးပါးထပ် တရားမြတ်ကို အတပ် သိမြင်တော် မူသော ဘုရားရှင်သည် ဝုတ္တာ ဟောတော်မူအပ်ကုန်၏။ ။

တတ္ထ၊ ထို နှစ်ယောက်သော ပုထုဇန် ပုဂ္ဂိုလ်တို့တွင် ယဿ၊ အကြင် ပုဂ္ဂိုလ် အား ခန္ဓာဓာတု အာယ တနာ ဒီသု ခန္ဓာ ဓာတ် အာယတန စသည် တို့၌၊ ဥဂ္ဂဟာဏ ပရိပုစ္ဆာ သဝန, ဓာရဏပစ္စဝေက္ခဏာနိ၊ တင်ခြင်း အဘန်ဘန် မေး မြန်းခြင်း, နာခြင်း, ဆောင်ခြင်း ညာဏ်ဖြင့် သက်ဝင်၍ ရှုခြင်း တို့သည်၊ နတ္ထိ နသန္တိ မရှိကုန်၊ အယံ၊ ဤ ပုဂ္ဂိုလ် သည်၊

အန္ဓ ပုထုဇ္ဇနော, သုတမယ ပညာ, ဘာဝနာမယ ပညာ မျက်စိ ကန်းသော ပုထုဇဉ် ပုဂ္ဂိုလ် မည်၏၊ ယဿပန၊ အကြင် ပုဂ္ဂိုလ်အားကား၊ တာနိ ဥဂ္ဂဟဏ ပရိပုစ္ဆာသဝန ဓာရဏ ပစ္စဝေက္ခဏာနိ ထိုသင်ခြင်း, အဘန်ဘန် မေးမြန်းခြင်း, နာခြင်း, ဆောင်ခြင်း, ဉာဏ်ဖြင့် သက်ဝင်၍ ရှုခြင်း တို့သည် အတ္ထိ သန္တိ ရှိကုန်၏။ သော၊ ထိုပုဂ္ဂိုလ်သည်၊ ကလျာဏ ပုထုဇ္ဇနော၊ သုတမယပညာ, ဘာဝနာမယပညာ မျက်စိကောင်းသော ပုထုဇဉ် ပုဂ္ဂိုလ်မည်၏။ ။ဤအဋ္ဌကထာ၏ အလိုမှာ အန္ဓ ပုထုဇဉ် နှင့် ကလျာဏ ပုထုဇဉ်တို့ ကွာခြားပုံကို ပြသော အချက်ပေတည်း။ ။

ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ။
အပဿံ ဗဇ္ဈတေ မူဠော၊ ဗဇ္ဈမာနော န မုစ္စတိ။ ။

## ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

ယံ၊ အကြင် ငါကိုယ်—သူ့ကိုယ် ယောကျ်ား—မိန်းမ လူ နတ်—ဗြဟ္မာ—ပုဂ္ဂိုလ် သတ္တဝါဟူ၍ ပရမတ္ထအားဖြင့် ထင်ရှား မရှိသည်ကို ဗာလော ဝိပဿနာ ပညာမျက်စိ မရှိသော အန္ဓ ပုထုဇ္ဇဉ်ကန်း သည်၊ ပဿတိ၊ ထင်ရှား ရှိ၏ ဟူ၍၊ ဘောက်ပြန်သော မိစ္ဆာ အမြင်ဖြင့် မြင်၏၊ တံ ထိုဘောက်ပြန်သော မိစ္ဆာ အမြင်ဖြင့် မြင်သော ငါကိုယ်, သူ့ကိုယ်, ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ် သတ္တဝါကို၊ ပဏ္ဍိတေဟိ၊ ဝိပဿနာ ပညာမျက်စိ ရှိသော ကလျာဏ ပုထုဇဉ် ဟုတ်မှန်စွာ သိသော အရိယာ ပုဂ္ဂိုလ် အရှင်မြတ် တို့သည်

နဒိဋ္ဌံ၊ ပရမတ္ထ အားဖြင့် ထင်ရှားရှိ၍ ဟူ၍ မမြင်အပ်၊ ယံ၊ အကြင် ရုပ်နာမ် နှစ်ပါး အပေါင်း အစုကို၊ ပဏ္ဍိတေဟိ၊ ဝိပဿနာ ပညာမျက်စိ ရှိသော ကလျာဏ ပုထုဇန် ဟုတ်မှန်စွာ သိသော အရိယာ ပုဂ္ဂိုလ် အရှင်မြတ်တို့သည်၊ ဒိဋ္ဌံ ပရမတ္ထ အားဖြင့် ထင်ရှားရှိ၍ ဟူ၍ မြင်အပ်၏၊ တံ၊ ထိုပရမတ္ထ အားဖြင့် ထင်ရှား ရှိသော ရုပ်နာမ် နှစ်ပါး အပေါင်း အစုကို၊ ဗာလော၊ ဝိပဿနာ ပညာမျက်စိ မရှိသော, အန္ဓပုထုဇန်ကန်းသည်၊ နပဿတိ၊ ပရမတ္ထ အားဖြင့် ထင်ရှားရှိ၍ ဟူ၍ မမြင်၊ အပဿံ အပဿမာနော၊ ရုပ်နာမ် နှစ်ပါး အပေါင်း အစုကို မမြင်သော၊ မုဠှော၊ တွေဝေ မိုက်ဘိ ဝိပဿနာ ပညာမျက်စိ မရှိသော အန္ဓ ပုထုဇန် ကန်းကို၊ မာရေန တထေဝင့် ငါးရာ ကိလေသာ ကို၊ ပိုင်ကာ စိုးနင်း၊ အဝိဇ္ဇာ မာရ်မင်းသည်၊ ဗဇ္ဈတေ၊ ပစ္စည်း ဥစ္စာ၊ သတ္တဝါ ကို တွယ်တာ တပ်မက် နှစ်သက်ခြင်း၊ တဏှာ သံယောဇဉ် ကြိုးကွင်း ဖြင့် ဖွဲ့အပ်၏၊ ဗဇ္ဈမာနော၊ ပစ္စည်း ဥစ္စာ သတ္တဝါကို တွယ်တာ တပ်မက် နှစ်သက် ခြင်း၊ တဏှာ သံယောဇဉ် ကြိုးကွင်း ဖြင့် ဖွဲ့ မိသော အန္ဓ ပုထုဇန် ကန်းသည်၊ နမုစ္စတိ၊ အိုနာ သေပြန် ဘန်ဘန် မစဲ သံသရာဝဲ၊ ဝဋ္ဋ ဆင်းရဲ သြဃ ထဲမှ၊ ဘယ်နံရော အခါ ဘယ်ကမ္ဘာမှာမှ၊ မလွတ်နိုင်တော့ သည် သာတည်း။

ဤ အဋ္ဌကထာ ၏ အလိုမှာ၊ အန္ဓဗာလ ပုထုဇန်တို့ နှင့် ကလျာဏ ပုထုဇန် အရိယာ အရှင်မြတ် တို့ ကွာခြားပုံ ကို ပြကြောင်းပေတည်း။ ။

နာမရူပတော အညော ပုဂ္ဂလောဝါ သတ္တော်ဝါ
ဇီဝတ္တိဝါ ပုရိသောဝါ ဒေဝေါဝါ ဗြဟ္မာ ဝါ နတ္ထိ။

**ဓမ္မ ပဒ ။**

**နာမရူပတော၊** နာမ်တရား ရုပ်တရား မှ၊ အညော၊ တပါးသော၊ ပုဂ္ဂလောဝါ၊ ပုဂ္ဂိုလ်သည်လည်း၊ နတ္ထိ မရှိ၊ သတ္တောဝါ၊ သတ္တဝါ သည်လည်း၊ နတ္ထိ၊ မရှိ၊ ဇီဝတ္ထိ ဝါ-မိန်းမသည်လည်း၊ နတ္ထိ မရှိ၊ ပုရိသောဝါ၊ ယောကျ်ား သည်လည်း နတ္ထိ မရှိ၊ ဒေဝေါဝါ- နတ်သည်လည်း နတ္ထိ မရှိ၊ ဗြဟ္မာ ဝါ-ဗြဟ္မာသည်လည်း၊ နတ္ထိ မရှိ၊ ဤ ပါဠိတော်၏ အလိုမှာ၊ ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝ, မရှိကြောင်းကို သိစေခြင်း ပင်တည်း။ ။

ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ။

**ဓမ္မသင်္ဂဏီ ပါဠိတော်။**

ကုသလာ၊ ကုသိုလ် ဖြစ်သော တရားတို့သည် ဝါ၊ဖြူစင်မှုသဘော တို့သည် ဓမ္မာ၊ ငါ့ကိုယ်, သူ့ ကိုယ်, ယောကျ်ား, မိန်းမ, လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ, အသက်လည်း မဟုတ်ကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ ။အကုသလာ၊ အကုသိုလ် ဖြစ်သော တရား တို့သည်၊ ဝါ၊ မည်းညစ်မှု သဘော တို့သည်၊ ဓမ္မာ၊ ငါ့ကိုယ်, သူ့ ကိုယ်, ယောကျ်ား, မိန်းမ, လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ အသက်လည်း မဟုတ်ကုန်သည်၊ ဟောန္တိ ဖြစ်ကုန်၏။ ။အဗျာကတာ ရုပ်နာမ်နှစ်ပါးတို့သည်၊ ဝါ--ဖြစ်ပျက်သဘောတို့သည်၊ ဓမ္မာ ငါ့ကိုယ် သူ့ ကိုယ်၊ ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာ, ပုဂ္ဂိုလ် သတ္တဝါ, အသက်လည်းမဟုတ်ကုန်သည်၊

ဟောန္တိ ဖြစ်ကုန်၏။ ဤပါဠိတော်၏ အလိုမှာလည်း၊ မိစ္ဆာဒိဋ္ဌိ အယူကို ပယ်စေခြင်း အကျိုးငှါတည်း။ ။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ။သဒ္ဒါယတနံသောတဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။ ။ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ။ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မနံ အာရမ္မဏ ပစ္စယေန ပစ္စယော။ ။ဖောဋ္ဌဗ္ဗာ ယတနံ ကာယဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။ ။ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ၊ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မနံ အာရမ္မဏ ပစ္စယေန ပစ္စယော။ ။သဗ္ဗေ ဓမ္မာ မနော ဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။ ။

## ပဋ္ဌာန်း ပါဠိတော်။

ရူပါယတနံ၊ ပစ္စုပ္ပန်ဖြစ်သော ရူပါရုံသည်၊ ဝါ- ယခုမြင်ဆဲဖြစ်သော အဆင်းရုပ်သည်၊ စက္ခုဝိညာဏဓာတုယာစ၊ စက္ခုဝိညာဏဓာတ်အား၎င်း၊ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကြကုန်သော ဓမ္မာနဉ္စ စေတသိက်တရားတို့အား၎င်း၊ အာရမ္မဏ ပစ္စယေ န၊ အာရမ္မဏပစ္စယ သတ္တိဖြင့်၊ ဝါ အာရုံ၏ ကျေးဇူး ပြုမှု အစွမ်းဖြင့်၊ ပစ္စယော, ဥပကာရကော ကျေးဇူးပြုသည်၊ ဟောတိ ထင်ရှားဖြစ်၏။ ။

သဒ္ဒါယတနံ ပစ္စုပ္ပန် ဖြစ်သော သဒ္ဒါရုံသည်၊ ဝါ-ယခု ကြားဆဲဖြစ်သော အသံရုပ် သည်၊ သောတ ဝိညာဏ ဓာတုယာစ၊ သောတ ဝိညာဏ ဓာတ်အားရင်း၊ တံသယုမ္ပတ္တကာနံ၊ ထို သောတ ဝိညာဏဓာတ် နှင့် ယှဉ်ကြ ကုန်သော ဓမ္မာနဉ္စ စေတသိက် တရားတို့အားရင်း၊ အာရမ္မဏပစ္စယေန အာရမ္မဏ ပစ္စယသတ္တိဖြင့် ဝါ-အာရုံ၏ အစွမ်းဖြင့်၊ ပစ္စယော ဥပကာရကော ကျေးဇူးပြုသည်၊ ဝါ-ပစ္စည်းဆက်သည်၊ ဟောတိ ထင်ရှား ဖြစ်၏။ ။

ဂန္ဓာယတနံ ပစ္စုပ္ပန် ဖြစ်သော ဂန္ဓာရုံသည်၊ ဝါ- ယခုနံဆဲ ဖြစ်သော အနံ့ရုပ်သည်၊ ဃာနဝိညာဏ ဓာတုယာစ ဃာန ဝိညာဏ ဓာတ်အားရင်း၊ တံသမ္ပယုတ္တကာနံ ထို ဃာနဝိညာဏ ဓာတ်နှင့် ယှဉ်ကြကုန်သော၊ ဓမ္မာနဉ္စ စေတသိက်တရားတို့အား ရင်း၊ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယသတ္တိဖြင့် ဝါ-အာရုံ၏ အစွမ်းဖြင့်၊ ပစ္စယော, ဥပကာရကော ကျေးဇူးပြုသည်၊ ဝါ ပစ္စည်းဆက်သည်၊ ဟောတိ ထင်ရှား ဖြစ်၏။ ။

ရသာယတနံ၊ ပစ္စုပ္ပန် ဖြစ်သော ရသာရုံ သည်၊ ဝါ ယခု လျက်ဆဲ ဖြစ်သော အ ရသာရုပ်သည်၊ ဇိဝှါဝိ ညာဏ ဓာတုယာစ၊ ဇိဝှါဝိညာဏ ဓာတ်အားရင်း၊ တံသမ္ပယုတ္တကာနံ၊ ထို ဇိဝှါဝိညာဏ ဓာတ်နှင့် ယှဉ်ကြ ကုန်သော၊ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့ အားရင်း၊ အာရမ္မဏ ပစ္စယေန၊ အာရမ္မဏ ပစ္စယ သတ္တိဖြင့်၊ ပစ္စယော, ဥပကာရကော ကျေးဇူး ပြုသည်၊ ဝါ၊ ပစ္စည်းဆက်သည်၊ ဟောတိ ထင်ရှားဖြစ်၏။

ဖောဋ္ဌဗ္ဗ ယတနံ၊ ပစ္စုပ္ပန် ဖြစ်သော ဖောဋ္ဌဗ္ဗရုံ သည်၊ ဝါ

ယခု တွေ့ထိဆဲ ဖြစ်သော အတွေ့အထိ ရုပ်သည် ကာယ ဝိညာဏ ဓာတုရာစ၊ ကာယ ဝိညာဏ ဓာတ်အားရင်း၊ တံသမ္ပယုတ္တ ကာနံ ထိုကာယ ဝိညာဏ ဓာတ်နှင့်၊ ယှဉ်ကြကုန်သော ဓမ္မာ နဉ္စ၊ စေတသိက် တရားတို့အားရင်း အာရမ္မဏပစ္စ ယေန၊ အာ ရမ္မဏပစ္စယ သတ္တိဖြင့် ဝါ အာရုံ၏ အစွမ်းဖြင့် ပစ္စယော, ဥပကာ ရကော ကျေးဇူးပြု သည်၊ ဝါ, ပစ္စည်း ဆက်သည် ဟောတိ ထင်ရှား ဖြစ်၏။

ရူပါယ တနံ ပစ္စုပ္ပန် ဖြစ်သော ရူပါရုံသည် ရင်း၊ သဒ္ဒါယ တနံ ပစ္စုပ္ပန် ဖြစ်သော သဒ္ဒါရုံသည်ရင်း၊ ဂန္ဓာယတနံ ပစ္စုပ္ပန် ဖြစ်သော ဂန္ဓာရုံ သည်ရင်း၊ ရသာယတနံ ပစ္စုပ္ပန် ဖြစ်သော ရသာရုံသည်ရင်း၊ ဖောဋ္ဌဗ္ဗာယတနံ ပစ္စုပ္ပန် ဖြစ်သော ဖောဋ္ဌဗ္ဗာ ရုံသည်ရင်း၊ မနော ဓာတုယာစ မနောဓာတ် အားရင်း၊ တံ သမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကြကုန် သော ဓမ္မာ နဉ္စ၊ စေတသိက် တရားတို့ အား ရင်း၊ အာရမ္မဏ ပစ္စယေန အာရမ္မဏ ပစ္စယ သတ္တိဖြင့် ပစ္စယော, ဥပကာရကော ကျေး ဇူးပြုသည်၊ ဟောတိ ထင်ရှားဖြစ်၏။ ။

သဗ္ဗေ၊ အလုံးစုံကုန်သော ဓမ္မာ အာရုံ ခြောက်ပါး ပရမတ် တရား, ပညတ်တရား တို့သည်၊ မနော ဝိညာဏ ဓာတုယာစ မနော ဝိညာဏ ဓာတ်အား ရင်း၊ တံ သမ္ပယုတ္တကာနံ ထို မနော ဝိညာဏ ဓာတ်နှင့် ယှဉ်ကြကုန် သော ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား ရင်း၊ အာရမ္မဏ ပစ္စယေန အာရမ္မဏ ပစ္စယ သတ္တိဖြင့် ပစ္စယော ဥပကာရကော ကျေးဇူး ပြုသည်၊ ဝါ အကြောင်း အကျိုးစပ်သည် ဟောတိ ထင်ရှားဖြစ်၏။

ဤပါဠိတော် အလိုမှာ ခန္ဓာတခုလုံး၌ ရုပ်တုံး ရုပ်ခဲ နာမ်တုံး နာမ်ခဲဖြစ်၍ ငါ, ငါ၏ဥစ္စာဟု စွဲလမ်းသော မိစ္ဆာအယူကိုပယ်ခွါစေခြင်းငှာ ဟောတော်မူသော အချက်ပေတည်း။ ။

ဝိဇာန နဘာဝေ ဝိညာဏော ဇီဝသညီနံ သညာ
သမူဟနတ္ထံ ဝိ အဋ္ဌာရသေဝ ဝုတ္တာ။ ။

**ဝိဘင်း အဋ္ဌကထာ ။**

ဝိဇာန နဘာဝေ သိခြင်း သဘော ရှိသော ဝိညာဏော သိ သဘာဝ အနိစ္စ၌ ဇီဝသညီနံ အသက် ဟု မှတ်ထင်ကြ ကုန် သော သူတို့ ၏ ပညာ သမူဟနတ္ထံ ဝိ မိစ္ဆာ သညာ ကို ပယ်ခွါခြင်း အကျိုးငှါ လည်း အဋ္ဌာရသေဝ တဆယ့် ရှစ်ရပ်သော ဓာတ် တို့ကို သာလျှင် ဝါ၊ အခံ ဓာတ် ခြောက်ပါး အတိုက်ဓာတ် ခြောက်ပါး, အပေါ်ဓာတ် ခြောက်ပါး ဟု ဆိုအပ်သော တဆယ့် ရှစ်ပါးသော ဓာတ်တို့ ကို သာလျှင် ဘဂဝတာ၊ မြတ်စွာဘုရားသည် ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ။ဤအဋ္ဌကထာ၏ အလိုမှာ အသက် မှတ်ထင်သော မိစ္ဆာအမြင် မိစ္ဆာအယူကို ပယ်စေလို၍ ထပ်၍ မိန့်တော်မူသော စကားပင်တည်း၊ သတိပြုကြလေ၊ သတိ ချပ်ကြလေကုန်။

သဗ္ဗေပိ ဟိ ဓမ္မာ တံတံကိရိယမတ္တာဝ၊ န တေသု
ဒဗ္ဗံဝါ သဏ္ဌာနံ ဝါ ဝိဂ္ဂဟော ဝါ ဥပလဗ္ဘတိ။ ။

**ရင်းဋီကာ**

ဟိ, ထင်ရှားစွာပြအံ့၊ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော ဓမ္မာ၊ ပရမတ္ထ သဘောတရားတို့သည် တံတံကိရိယ မတ္တာဝ၊

ထိုထို ကြံခြင်း၊ သိခြင်း၊ တွေ့ထိခြင်း၊ သဘောတရား တို့သည် သာလျှင် ဟောဋ္ဌ ဖြစ်ကုန်၏၊ တေသု၊ ထိုပရမတ္ထသဘော တရားတို့၌ ဒဗ္ဗံဝါ အထည်ဒြပ်ကိုရင်း၊ သဏ္ဌာနံဝါ၊ သဏ္ဌာန် ကိုရင်း၊ ဝိဂ္ဂဟောဝါ၊ အကောင်အထည်ကိုရင်း၊ နဥပလဗ္ဘတိ၊ ဘယ်တော့ ဘယ်အခါ ဘယ်ကမ္ဘာမှာမှ မရမရှိ တော့သည် သာတည်း။ ။ဤဒွိကာ အလိုက အတုံး အတစ် အနှစ် အ သားနှင့် ငုတ်တုတ်မဲတဲ၊ သူဘဲ၊ ငါဘဲ၊ လူဘဲ၊ နတ်ဘဲ၊ ဗြဟ္မာဘဲ စသည်ဖြင့် စွဲယူသော မိစ္ဆာ အယူကို ပယ်ခွါခြင်း အကျိုးငှါ၊ မိန့်တော်မူသော စကားပေတည်း။ ။ထို့ကြောင့် ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ ဆိုတာ တကယ်မရှိ၊ သမ္မုတိသဘောမျှသာ ရှိသည်၊ လက္ခဏာ မထိုက်၊ သစ္စာမထိုက်၊ မဂ်ဖိုလ် နိဗ္ဗာန်နှင့် လည်း မဆိုင် ကာလသုံးပါးမှ လွတ်သော တရားဟု မိန့်တော်မူ၏၊ ဤသို့ မိန့်တော်မူသော တရားတို့ကို ယုံကြည်လေးမြက် သဝိ ချပ်၍ မှတ်ကြလေကုန်။ ။

> ပရမတ္ထတော ကေကသ္မိံ ဓမ္မေ ဥပ ပရိက္ခိယမာနေ
> အသ္မိတိဝါ အဟန္တိဝါ ဟိ ဂါဟဿ ဝတ္ထုဘူတော
> သတ္တောနာမ နတ္ထိ၊ ပရမတ္ထတော ပန နာမရူပမတ္ထ
> မေဝ အတ္ထိ။ ။

**ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။**

ကေကသ္မိံ၊ တခုတခုသော ဓမ္မေ၊ သဘော တရားတို့ကို ဥပပရိက္ခိယမာနေ၊ စူးစမ်း ဆင်ခြင် ကြည့်ရှု လတ်သည်ရှိ သော် အသ္မိ၊ ငါဖြစ်ပေ၏၊ ဣတိဝါ၊ ဤသို့ လည်းကောင်း၊

အဟံ, ငါပင်တည်း၊ ဣတိစ၊ ဤသို့လည်းကောင်း၊ ပရမတ္ထ တော ပရမတ္ထသဘောအားဖြင့် ဝါ, မဘောက်မပြန် မှန်သော သဘောအားဖြင့် အတိဂါပါဟာသ၊ သက်ဝင်စွဲလမ်း ယူငင်စရာ ဖြစ်သော ဝတ္ထုဘူတော ဝတ္ထုဖြစ်သော သတ္တောနာမ၊ သတ္တဝါ မည်သည် နတ္ထိ, အခါခပ်သိမ်းမရှိ၊ ပန, မရှိသည်မှ တပါး ရှိသည်ကို ဆိုဦးအံ၊ ပရမတ္ထတော မဘောက်မပြန် ထင်ရှားရှိသော သဘော အားဖြင့် နာမရူပမတ္တမေဝ, နာမ် ခတ် ရုပ်ခတ်မျှသည်သာလျှင် အတ္ထိ,ထင်ရှားကေန်ရှိ၏။ ။ ဤအဋ္ဌကထာ၏ အလိုမှာ သတ္တဝါသည် ထင်ရှားကေန် မရှိ၊ ပရမတ္ထ ဖြစ်သော နာမ်တရား ရုပ်တရားသည်သာလျှင် ထင် ရှားကေန်ရှိ၏ဟု အဓိပ္ပါယ်လာ၏၊ ထို့ကြောင့်, ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ,ဆိုတာ ဘယ်တော့ကမှ မရှိ၊ ယခုလဲမရှိ၊ နောင်လဲ မရှိဟု ယူကြရာ၏၊ ဤအယူကို ယူနိုင်ကြလျှင် သံသရာက ထွက်မြောက်ကြရပြီဟု မှချမှတ်ကြလေကုန်။ ။

ကိန္နု သတ္တောတိ၊ ပစ္စေသိ၊ မာရဒိဋ္ဌိဂတံနု တေ၊
သုဒ္ဓသင်္ခါရပုဉ္ဇောယံ၊ နယိဓ သတ္တူပလဗ္ဘတိ။ ။

## သံယုတ်ပါဠိတော်

ခန္ဓေသု၊ ခန္ဓာငါးပါးတို့တွင် ကိံ၊ အဘယ် ခန္ဓာတရားကို သတ္တောတိ သတ္တဝါဟူ၍ ဇာနာသိနု, သိမှတ် သနည်း၊ အညော, ခန္ဓာငါးပါးမှ တပါးသော ကော, တခုသော သတ္တော, သတ္တဝါသည် အတ္ထိ, ရှိပါ၏၊ ဣတိပစ္စေသိ, ဤသို့ ထင်မှတ်သည်ဖြစ်အံ့၊ ဝါ, ထင်မှတ်သည်ရှိသော် တေ, သင် အား မာရဒိဋ္ဌိဂတံနု၊ မာရ်မင်း၏ လက်နက်ဟူသော မိစ္ဆာ

အယူသည် ဟောတိ ဖြစ်၏၊ အယံ, ဤသတ္တဝါ သည်ကား သုဒ္ဓသင်္ခါရပုဉ္ဇော၊ သက်သက်သော သင်္ခါရ တရားအစုမျှ သာတည်း၊ ဝါ, နာမ်တရားတို့၏ အရိပ်မျှသာတည်း၊ ဣဓ, ဤ ခန္ဓာ ငါးပါး ရုပ်နာမ် တရား၌ သတ္တော, သတ္တဝါကို နုပ လဗ္ဘတိ, ဘယ်တော့ ဘယ်အခါ ဘယ်ကမ္ဘာမှာမှ မရသည်သာ တည်း။ ။ဤပါဠိတော်၏ အလိုမှာ၊ ခန္ဓာငါးပါးကို သတ္တဝါ ဟုထင်မှတ်လျှင် မိစ္ဆာအယူဟုဆိုသော အချက်ပင်တည်း။ ။

ရူပံ အတ္တတော, သမနုပဿတိ, ရူပဝန္တံဝါ, အတ္တာနံ၊ အတ္တနိဝါ, ရူပံ, ရူပသ္မိံဝါ, အတ္တာနံ။ ။ဝေဒနံ, အတ္တတော, သမနုပဿတိ၊ ဝေဒနာဝန္တံဝါ အတ္တာနံ, အတ္တနိဝါ, ဝေဒနံ, ဝေဒနာယဝါ အတ္တာနံ။ ။သညံ, အတ္တတော သမနုပဿတိ သညာဝန္တံဝါ အတ္တာနံ၊ အတ္တနိဝါ သညံ၊ သညာယဝါ အတ္တာနံ။ ။သင်္ခါရေ အတ္တတော သမနု ပဿတိ၊ ဘင်္ခါရဝန္တံဝါ အတ္တာနံ၊ အတ္တနိဝါ သင်္ခါရေ၊ သင်္ခါရေသုဝါ အတ္တာနံ။ ။ဝိညာဏံ အတ္တတော သမနုပဿတိ၊ ဝိညာဏ ဝန္တံဝါ အတ္တာနံ၊ အတ္တနိဂါ ဝိညာဏံ၊ ဝိညာဏသ္မိံ ဝါ အတ္တာနံ။ ။

## ဓမ္မသင်္ဂဏီပါဠိတော်

ရူပံ, ရုပ်ကို, ဝါ၊ ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဟု ဆိုအပ်သောရုပ်ကို အတ္တတော ကိုယ် ဟူ၍ သမနုပဿတိ စွဲမြဲ ထင်မြင်၏၊ အတ္တာနံ ဝါ ကိုယ်ကို မူလည်း ရူပဝန္တံဝါ၊ ရုပ်ရှိ၏ဟူ၍လည်း သမနုပဿတိ စွဲမြဲ ထင်မြင်၏၊ အတ္တနိဝါ, ကိုယ်၌မူလည်း ရူပံ, ရုပ်ကို သမနု

ပဿတိ စွဲမြဲထင်မြင်၏၊ ရူပသ္မိံ ဝါ၊ ရုပ်၌မူလည်း အတ္တာနံ၊ ကိုယ်ကို သမနုပဿတိ စွဲမြဲထင်မြင်၏။ ။

ဝေဒနံ, ဝေဒနာကို ဝါ၊ ကောင်း မကောင်းအလတ်ခံစားမှု ဟူသော ဝေဒနာကို အတ္တတော ကိုယ်ဟူ၍ သမနုပဿတိ, စွဲမြဲထင်မြင်၏ အတ္တာနံ ဝါ, ကိုယ်ကိုမူလည်း ဝေဒနာဝန္တံ ဝါ, ဝေဒနာရှိ၏ ဟူ၍ သမနုပဿတိ၊ စွဲမြဲထင်မြင်၏၊ အတ္တနိ ဝါ, ကိုယ်၌မူလည်း ဝေဒနံ, ဝေဒနာကို သမနုပဿတိ စွဲမြဲထင်မြင်၏၊ ဝေဒနာယ ဝါ, ဝေဒနာ၌ရှိလည်း အတ္တာနံ, ကိုယ်ကို သမနုပဿတိ၊ စွဲမြဲထင်မြင်၏။ ။

သညံ, သညာကို ဝါ၊ အဟောင်း မှတ်မှု, အသစ်မှတ်မှု ဟူသော သညာကို အတ္တတော ကိုယ်ဟူ၍ သမနုပဿတိ စွဲမြဲထင်မြင်၏၊ အတ္တာနံ ဝါ ကိုယ်ကိုမူလည်း သညာဝန္တံ ဝါ သညာရှိ၏ဟူ၍ သမနုပဿတိ၊ စွဲမြဲထင်မြင်၏ အတ္တနိ ဝါ၊ ကိုယ်၌မူလည်း သညံ, သညာကို သမနုပဿတိ စွဲမြဲထင်မြင်၏၊ သညာယ ဝါ, သညာ၌မူလည်း အတ္တာနံ, ကိုယ်ကို သမနုပဿတိ, စွဲမြဲထင်မြင်၏။ ။

သင်္ခါရေ, သင်္ခါရတို့ကို ဝါ၊ ပြုပြင်ခြင်း သဘောတရားတို့ကို, အတ္တတော, ကိုယ်ဟူ၍ သမနုပဿတိ, စွဲမြဲထင်မြင်၏၊ အတ္တာနံ ဝါ, ကိုယ်ကိုမူလည်း သင်္ခါရဝန္တံ ဝါ, သင်္ခါရရှိ၏ ဟူ၍ သမနုပဿတိ, စွဲမြဲထင်မြင်၏၊ အတ္တနိ ဝါ, ကိုယ်၌မူလည်း, သင်္ခါရေ, သင်္ခါရတို့ကို သမနုပဿတိ, စွဲမြဲထင်မြင်၏၊ သင်္ခါရေသု ဝါ, သင်္ခါရတို့၌လည်း အတ္တာနံ, ကိုယ်ကို သမနုပဿတိ, စွဲမြဲထင်မြင်၏။ ။

ဝိညာဏံ, ဝိညာဏ်ကို ဝါ၊ အလုံးစုံ သိမှု ဝိညာဏ်ကို အတ္တတော, ကိုယ်ဟူ၍, ဝါ၊ အတ္တတော, ကိုယ်ရှိ၏ ဟူ၍ သမနုပဿတိ စွဲမြဲထင်မြင်၏။ အတ္တာနံဝါ, ကိုယ်ကိုမူလည်း ဝိညာဏဝန္တံဝါ, ဝိညာဏ်ရှိ၏ ဟူ၍ သမနုပဿတိ, စွဲမြဲထင် မြင်၏။ အတ္တနိဝါ, ကိုယ်ကိုမူလည်း ဝိညာဏံ, ဝိညာဏ်ကို သမနုပဿတိ, စွဲမြဲ ထင်မြင်၏၊ ဝိညာဏသ္မိံဝါ, ဝိညာဏ် ၌မူလည်း အတ္တာနံ, ကိုယ်ကို သမနုပဿတိ, စွဲမြဲ ထင်မြင်၏။ ။ သက္ကာယ ဒိဋ္ဌိ—၂၀—ဖြစ်၏။ ထို သက္ကာယ ဒိဋ္ဌိ စွဲပုံ ကို ရည်၍ "ငါငါ, သူသူ, လူဘဲ, နတ်ဘဲ အထင်လွဲလျက်, ငရဲအပါယ်, အ သွယ်သွယ် ၌ ဝဋ်နွယ် ရှည်လျား၊ တမားမား သည်။ ။ ခြောက်ပါး ဝိညာဏ် စွမ်းရည်တည်း" ဟု ငါတို့အရှင် မိန့်တော် မူသတည်း။ ဤသို့ ပြသော သက္ကာယ ဒိဋ္ဌိ ၂၀-ရှိလျှင် မုချ အပါယ်သို့ ကျမည် ဟု အမိပ္ပါယ်လာ၏။ ။

အန္တမသော ဝီသတိဝတ္ထုကံ သက္ကာယဒိဋ္ဌိံ ဥပါဒါယ ဒိဋ္ဌိနာသဂ္ဂံ ဥပနေကံ နတ္ထိ၊ ကေန္ထံ နိရယသ္မိံ ယေဝ နိမုဇ္ဇာပေတိ။ ။

## ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အန္တမသော ရုပ်သော အပိုင်း အခြားဖြင့် ဝီသတိဝတ္ထုကံ၊ နှစ်ဆယ်သော၊ ဝတ္ထုရှိသော သက္ကာယဒိဋ္ဌိံ၊ ငါငါဟုအထင်မှား အမြင်မှားအယူမှားသော သက္ကာယဒိဋ္ဌိကို၊ ဥပါဒါယ အစပြု၍၊ ဒိဋ္ဌိနာမ ဒိဋ္ဌိမည်သည်၊ သဂ္ဂံ နတ်ပြည်သို့၊ ဥပနေတုံ ဆောင် ခြင်းငှါ၊ နတ္တိ မရှိ၊ ကေန္တံ စင်စစ် သော်ကား၊ နိရယသ္မိံယေဝ

ငရဲ၌သာလျှင်၊ နိမုဇ္ဇာပေတိ နစ်မြုပ်စေ၏။ ။ဤအဋ္ဌကထာ၏ အလိုမှာ ဒိဋ္ဌိ မှန်လျှင် ဘယ်ကိုမှ မသွားဘဲ၊ ငရဲသာ ကျသည်ဟု ဆို၏။

သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ
သဒါ သတော၊ အတ္တာနုဒိဋ္ဌိံ ဦဟစ္စ။ ။

## သုတ္တနိပါတ် ပါဠိတော်။

မောဃရာဇ၊ မောဃရာဇ ရဟန်း၊ သဒါ၊ အခါခပ်သိမ်း၊ သတော သတိနှင့် ပြည့်စုံသည် ဖြစ်၍၊ အတ္တာနုဒိဋ္ဌိံ၊ ငါကိုယ် ထင်ရှားသည် ဟု စွဲ ယူသော သက္ကာယ ဒိဋ္ဌိ ကို၊ ဦဟစ္စ၊ စွန့်ခွာ ပယ်နုတ်၍၊ လောကံ, ဖြစ်ပျက် သဘော မျှ သင်္ခါရ လောက ကို သုညတော, အနှစ် ကင်း ဆိတ်သော အားဖြင့်၊ အဝေက္ခဿု, ပညာစက္ခုဖြင့် မြင်အောင် ရှုပါလော့။ ။ဤပါဠိတော်၏ အလိုမှာ ငါကိုယ် ဟု စွဲလမ်းသော အယူမှား အယူဆိုးကို ပယ်၍၊ သင်္ခါရ တရားစုမျှသာ ထင်ရှား ကေန် ရှိ၏ ဟု ရှုရမည်, မြင်ရမည်, ယူရမည်, ချစ်သား မောဃရာဇရဟန်း ဟု မိန့်တော်မူ၏၊ ဤ ဒေသနာတော် အတိုင်းကိုသာ ယူကြရမည်၊ လိုက်နာကြရမည်။ ။လောက၌၊ ကိလေသ ဝဋ္ဋ ဖြစ်မှု, ကမ္မဝဋ္ဋ ဖြစ်မှု, ဝိပါကဝဋ္ဋဖြစ်မှု တရားတွေကို နာလည်း မနာကောင်း၊ ယူလည်း မယူကောင်း၊ ဤ ကိလေသာဖြစ်မှု တရားတို့ကို ဟောပြောသော သူတို့ကိုလည်း မဆည်းကပ်, မကိုးကွယ်ကောင်း, မပေးကောင်း, မလှူကောင်း ဟု မှတ်ကြ လေကုန်တပည့်တို့၊ သတိရှိကြစေ။ ။

အနိဗ္ဗတ္တေန နဇာတော၊ ပစ္စုပ္ပန္နေန ဇီဝတိ။
စိတ္တဘင်္ဂါ မတော လောကော၊ ပညတ္တိ ပရမတ္ထိယာ။

**ဝိသုဒ္ဓိ မဂ်။**

အနိဗ္ဗတ္တေန၊ ဖြစ်ဆဲမဟုတ်သော အတိတ် အနာဂါတ် စိတ်ဖြင့်၊ နဇာတော, သတ္တဝါဖြစ်သည် မဟုတ်၊ ပစ္စုပ္ပန္နေန,ဖြစ်ဆဲစိတ်ဖြင့် သာလျှင်၊ ဇီဝတိ, ပညတ်သက် ရှင်သည် မည်၏၊ စိတ္တဘင်္ဂါ, ဘင်သို့ ရောက်၍ စိတ်တိုင်း ချုပ်ပျောက် ခြင်းကြောင့်၊ လောကော, ဖြစ်ပျက် သဘောမျှ ဤရုပ်လောက, နာမ်လောကသည် မတော, ခါခါထပ်ထပ် ဆတ်ဆတ်သေ၏၊ ဝေသန္တေပိ သို့စင် ပုံသေ သေ၍ပင် နေသော်လည်း၊ ပညတ္တိ, တည်ဆဲတည်ဆဲ စိတ်ကို စွဲလျက်၊ ပညတ် အသက် ရှင်၏ ဟု သမ္မုတိအမျ[illegible] [illegible]ရမတ်တရား ပရမတ် ကရေးချင်း၊ စကား၏ အရာသတ္တဝါဟူသော ပညတ် ဘည်၊ [illegible]ရမတ္ထိယာ - ပရဝတ္ထ ဘူတ၊ နာ[illegible]မဂေါတ္တံ နဇီရတိ,ဆိုဘိသည်နဲ့ အမြဲနိယတ် ပရမတ်ကဲ့သို့ဖြစ်[illegible] [illegible]၏ [illegible] ဤ ဝိသုဒ္ဓိမဂ် [illegible] [illegible] ပရမတ္ထတရား ဖြစ်သော စိတ်, စေတသိက်, ရုပ် [illegible] ဆုံမိ[illegible]င်း ဆုံမိတိုင်း ပညတ်ပေါ်သည်၊ သည်မှအပ ပညတ်[illegible]ပြော[illegible]ရာ ပြစရာမရှိဟု အဓိပ္ပါယ်လာ[illegible]။ ပရမတ် အရပ်, ပညတ် အရိပ်ဟု သိကြရာ၏၊ ပရမတ်အရပ် ပေါ်တိုင်း ပေါ်တိုင်း [illegible]ညတ် ပေါ်သည်၊ ပရပတ်မရှိက ပညတ် မရှိ ဟု မှချမှတ်ကြ[illegible]ကုန်[illegible] ။

အသခေါ မေ့မွသောဝ ဝိဧသ သန္နံ ဟောတိ တသ္မာ
ယေကေစိ လောကေ ကုသလာတိ ဝုစ္စန္တိ၊ သဗ္ဗေ တေ
ဓမ္မာဧဝ ဟောန္တိ၊ န ပုဂ္ဂလာ၊ န သတ္တာ၊ န အတ္တာ၊

န ဇီဝေါ၊ န မနုဿော၊ န ဒေဝေါ၊ နဗြဟ္မာတိ၊ ဝုတ္တံ ဟောတိ၊ အကုသလပဒေ တပ္ပဋိပက္ခဝသေန အတ္တော စ အဓိပ္ပါယော စ ဝတ္တဗ္ဗော။ ။

အဋ္ဌကထာ ပါဠိ။

အထခေါ၊ စင်စစ်ကေန် အမှန်သော်ကား၊ ဓမ္မဿေဝ၊ သတ္တဇီဝ မဟုတ်သော တရား သက်သက် ၏ သာလျှင်၊ ဝိသေသနံ၊ အထူး တင်ပြ ဝိသေသန ပုဒ် သည် ဟောတိ ဖြစ်၏၊ တသ္မာ၊ ထို့ကြောင့် ယေကေစိ၊ ခပ်သိမ်းသော အလိမ္မာ တို့ကို လောကေ လောက၌ ကုသလာတိ၊ ကုသိုလ်တို့ဟူ၍ ဝုစ္စန္တိ၊ ခေါ်ဝေါ်ပညတ် ပြောဆိုအပ် ကုန်၏၊ သဗ္ဗေ၊ အလုံးစုံ ကုန်သော တေ၊ ထို လောက ၌ ကုသိုလ်ဟု ဆိုကြသော အလိမ္မာတို့သည်၊ ဓမ္မာဧဝ၊ တရား သက်သက်တို့ သည်သာလျှင်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ န ပုဂ္ဂလာ၊ ပုဂ္ဂိုလ် မဟုတ်ကုန်၊ န သတ္တာ၊ သတ္တဝါ မဟုတ်ကုန်၊ န အတ္တာ၊ ကိုယ်မဟုတ်ကုန်၊ န ဇီဝေါ၊ အသက် ဇီဝ မဟုတ်ကုန်၊ န မနုဿော၊ လူမဟုတ်၊ န ဒေဝေါ၊ နတ်မဟုတ်၊ န ဗြဟ္မာ၊ ဗြဟ္မာ မဟုတ်၊ ဣတိ - အယံ အဓိပ္ပါယော၊ ဤသို့သော အဓိပ္ပါယ်ကို၊ ဝုတ္တံ-ဝုတ္တော ဆိုအပ် ဆိုလိုသည်၊ ဟောတိ ဖြစ်၏၊ အကုသလပဒေ၊ အကုသလာဓမ္မာ ဟူသော ပုဒ်၌ တပ္ပဋိပက္ခဝသေန၊ ထိုကုသိုလ်၏ ဆန့်ကျင်ဘက်အစွမ်းဖြင့် အတ္တော စ အနက်ကိုလည်း၊ အဓိပ္ပါယော စ အဓိပ္ပါယ် ကိုလည်း၊ ဝတ္တဗ္ဗော ဆိုအပ်ဆိုထိုက်၏။ ။

ဤ အဋ္ဌကထာ၏ အလိုမှာ၊ လောက လိမ္မာမှုမိုက်မှု ဆိုတာ ကုသိုလ် အကုသိုလ် တရားတို့သာ ရှိသည်၊ ပုဂ္ဂိုလ် သတ္တဝါ

ကိုယ်အသက် လူ နတ် ပြဟ္မာ စသည် လိမ္မာမှု မိုက်မှု မရှိ ဟု အမိပ္ပါယ် လာ၏။ ဤ အဋ္ဌကထာ လာတိုင်းပင် ပုဂ္ဂိုလ်သတ္တဝါ စသည် မရှိဟု မှတ်ကြလေကုန်။ ။

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။ ။

ဓမ္မပဒ ပါဠိတော်

ယောစ၊ အကြင်သူသည်လည်း ဥဒယဗ္ဗယံ၊ ခန္ဓာ ၏ အဖြစ် အပျက်ကို အပဿံ-အပဿန္တော မမြင်ဘဲ၊ ဝဿသတံ၊ အနှစ် တရာပတ်လုံး၊ ဇီဝေ-ဇီဝေယျ အသက်ရှည်ငြားအံ၊ နသေယျော မမြတ်။ ဥဒယဗ္ဗယံ၊ ခန္ဓာ၏ အဖြစ် အပျက် ကို၊ ပဿတော ရှုမြင်သော သူသည်၊ ဧကာဟံ တရက်မျှလည်း ဇီဝိတံ အသက် ရှည်ရခြင်း သည်၊ သေယျော မြတ်လှပါပေ၏။ ။ဤ ပါဠိ တော်၏ အလိုမှာ ခန္ဓာ၏ အဖြစ်အပျက် အနိစ္စအချက်ကိုမမြင် လျှင်၊ အသက်တရာပင် နေရပါသော်လည်း ယုတ်မာ လှ၏၊ ခန္ဓာ၏ အဖြစ် အပျက် အနိစ္စအချက်ကိုမြင်လျှင်၊ တနေ့တရက် ပင် နေရပါသော်လည်း မြတ်လှ၏ဟု ဟောတော်မူသည်။ ။

တ္တောဝတာ သဗ္ဗော သတ္တလောကော ရိတ္တော တုစ္ဆော သုညောတိ ပညာယတိ၊ သုဒ္ဓသင်္ခါရ ဓမ္မရာသိ မတ္တမေဝ အဝသိဋ္ဌံ ဟောတိ။ ။

ဓမ္မပဒ

တ္တောဝတာ ဤမျှသော အစီအစဉ်ဖြင့်၊ သဗ္ဗော အလုံးစုံသော၊ သတ္တလောကော၊ သမ္မုတိ သဘောမျှ၊ သမူဟသဏ္ဌာန သတ္တ လောကသည်၊ ရိတ္တော ကွယ်ပျောက်၏၊တုစ္ဆော၊အချည်းနှီးဖြစ်၏။ သုညော ဆိတ်၏၊ ဣတိ ဤသို့၊ ပညာယတိ ထင်၏၊ သုဒ္ဓသင်္ခါရမတ္တမေဝ၊ သက်သက်သော ရုပ်နာမ်သင်္ခါရ အနိစ္စမျှ သည်သာလျှင်၊ အဝသိဿတိ၊ ကြွင်းကျန်သည်၊ ဟောတိ ထင်ရှား ဖြစ်၏။ ။ဤ ပါဠိ၏ အလိုမှာ သမူဟသဏ္ဌာန မရှိ၊ ရုပ် နာမ်သာ ရှိသည် ဟု အဓိပ္ပါယ် လာ၏။ ထို့ကြောင့် ဃန ပညတ်၊ သဏ္ဌာန ပညတ်၊ သမူဟ ပညတ် ဆိုတာ သက်သက် နာမ်ရုပ် မျှသာတည်း ဟု ၎ါဆရာမိန့်သတည်း၊ တပည့်တို့ ယုံကြည်လေးမြတ်ကြကုန်လော့။ ။

ဝိညာဏံ၊ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ။ ။

ပြဟ္မနိမန္တနသုတ် ပါဠိတော်

ဝိညာဏံ၊ အနိစ္စ ဓာတ် ပရမတ် ဖြင့်သာ သိအပ်စွာ၏၊ အနိဒဿနံ၊ အနိစ္စဓာတ် ပရမတ်၏ ရှေ့ နောက် ကာလ ရုပ် ဌာန နှင့် သဏ္ဌာန် ပမာဏ ညွှန်ပြခြင်းငှါ မထိုက်၊ အနန္တံ အနိစ္စ ဓာတ် ပရမတ် အလုံး ဘယ်တုံး ကစ ဆုံးဘယ်မှ ဟု အစအဆုံး နှစ်ပါးလုံး မသိအပ်၊ သဗ္ဗတော ပဘံ၊ ဘယ်ခါ မပြတ် ခပ်သိမ်းရုပ်၌ အနိစ္စဓာတ်၊ ပရမတ် တရား၊ ထင်ရှား ရှိန်ရှိန် ထိန်ထိန် လင်းလင်း ဝင်းဝင်းတောက် ရှိ၏။

ဤ ပါဠိတော်၏ အလိုမှာ ပရမတ်တရားသည်၊ ကွက်လပ်မရှိ သာခ်တနယ်၊ အ သခ်တနယ်၊ နှစ်ခုလုံး၌ ပရမတ် တရား ဝင်း ဝင်းတောက် ရှိ၏ဟု ဟောတော် မူသတည်း၊ ပညတ် ဆိုတာ **ပရမတ်၏ အရိပ်မျှ သာတည်း၊** မြင်ကောင်း ကြားကောင်း သော တရားမဟုတ်၊ ဉာဏ်ဖြင့်သာ ပရမတ် တရား ပေါ်၌ တင်စားမှု၊ တံဆိပ်ရေးမှု မျှသာ ရှိသည်ဟု သိရ၏၊ ပရမတ် ကဲ့သို့ ထင်ရှားမရှိ ပညာမဲ့တို့ မှာသာ ပရမတ်ကို မမြင်ဘူး ပညတ် ကိုသာ မြင်တယ်ဟု ပြောကြ ကုန်၏၊ ပညတ် ဆိုတာ သာမည လူသာမန်၊ ရှင်သာမန်တို့ မသိ နိုင်သော တရားပင် တည်း၊ သတိရှိကြစေ တပည့်တို့။ ။

ဝိသေသတော ပန ဣမသ္မိံ ဉာဏေ အနိစ္စ လက္ခဏ
ဒဿနမေဝ ပဓာနံ၊ တသ္မိံ ဒိဋ္ဌေယေဝ ဣတရာနိ
ကမေန ဒိဋ္ဌာနိ ဟောန္တိ။ ။

**ပရမတ္ထ ဒီပနီဋီကာ**

ဝိသေသတောပန၊ အထူး အားဖြင့်ကား၊ ဣမသ္မိံ ဉာဏေ ဤ ဝိပဿနာဉာဏ် အရာ၌ အနိစ္စ လက္ခဏဒဿနမေဝ၊ **အနိစ္စ** လက္ခဏာကို မြင်ခြင်း သည်သာလျှင်၊ ပဓာနံ၊ လိုရင်းသဘော သည်၊ ဟောတိ ဖြစ်၏၊ တသ္မိံ၊ ထိုအနိစ္စ လက္ခဏာ ကို ဒိဋ္ဌေ ယေဝ မြင်ရှိသာလျှင်၊ ဣတရာနိ၊ ဤမှ တပါးသော လက္ခဏာ တို့ကို ကမေန အစဉ် အားဖြင့် ဒိဋ္ဌာနိ မြင်အပ် ကုန်သည်၊ ဟောန္တိ ဖြစ်ကုန်၏။ ။ဤ ဋီကာ၏အလိုမှာ အနိစ္စ၏သဘော

လက္ခဏာကို မြင်လျှင် အကြွင်း လက္ခဏာ တရားတို့ကို အပြီး အစီး မြင်တော့ သည်ဟု အမိပ္ပါယ်လာ၏၊ ထို့ကြောင့် အမြဲ မပြတ် ဒလစပ် ဖြစ်ပျက်၍ ရုပ်တရား နာမ်တရား တို့ကို မမြင် မြင်အောင် ရှုကြလေကုန်။

အနုပ္ပန္နာ ဝုပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာဝ နိရုဇ္ဈရေ။
နိစ္စံနဝါဝ သင်္ခါရာ၊ ဒီပဇာလ သမူပမာ။ ။

ဓမ္မ ပဒ

သင်္ခါရာ၊ ရုပ်နာမ် သင်္ခါရ တို့သည်၊ အနုပ္ပန္နာဝေ ရှေးက မဖြစ်ဘူးကုန်ဘဲ သာလျှင်၊ ဥပ္ပဇ္ဇန္တိ ယခုအသစ် ပေါ်ဖြစ်လာကုန်၏၊ ဥပ္ပန္နာဝ ဖြစ်ကုန်ပြီး၍လည်း နိရုဇ္ဈရေ ခဏချက်ခြင်း ချုပ်ကင်း ကွယ်ပျောက် လေကုန်၏၊ သင်္ခါရာ ရုပ်နာမ် သင်္ခါရ တို့သည် နိစ္စံနဝါဝေ အမြဲ အသစ် အသစ် တို့သည် သာလျှင် ဟောန္တိ ဖြစ်ကုန်၏၊ သင်္ခါရာ ရုပ်နာမ် သင်္ခါရတို့ သည် ဒီပဇာလသမူပမာ ဆီမီးလျှံတမူ တူသော ဥပမာရှိကုန်၏။ ။ဤဒေသနာ၏ အလိုမှာ သယံဇာတ သဘာဝ အားဖြင့် သူ့သဘောနှင့်သူ ဖြစ်၍ သူ့သဘောနှင့်သူ ပျက်၍ နေသော တရား၊ ခဏမစဲ တသဲသဲ ဖြစ်ပျက်၍ နေသော တရား၊ ထို့ကြောင့် ဆီမီးလျှံနှင့် တူသည် ဟု ဟော တော် မူသည်၊ မီးတောက်မီးလျှံသည် ဆီသက်ရှိသရွေ့ ဖြစ်ပျက်မှု တည်၏၊ ထို့အတူ ရုပ်နာမ် နှစ်ပါးသည် အာဟာရသက် ရှိသရွေ့ ဖြစ်ပျက်မှု တည်၏၊ အာဟာရ သက်ရှိမှု ဖြစ်မှု မှာပင်

ငါ့အသက် သူ့အသက်ဟု ပြောရ ဟောရ သမုတ်ရ၏၊ အာဟာရသက်မှ အပမရှိ၊ ငါသူနှင့်တွဲ၍ အသက်စွဲလျှင် မိစ္ဆာဒိဋ္ဌိဖြစ်၏၊ ထို့ကြောင့် ဆိမီးလျှံနှင့် တူသည်ဟု မိန့်သတည်း၊ သတိရှိကြစေကုန်။ ။

အနိဓာန ဂတာ ဘဂ်ါ၊ ပုဥ္ဇော နတ္ထိ အနာဂတေ။
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ၊

ဝိသုဒ္ဓိ မဂ်

ဘဂ်ါ ချုပ်ပျက်ကုန်ပြီးသော ရုပ်နာမ် သင်္ခါရ တို့သည် အနိဓာနဂတာ ငြိမ်းလေပြီးသည့် ဆီမီးပမာ သိုမှီးရာ မရသော အဖြစ်သို့ ရောက်လေကုန်ပြီ၊ အနာဂတေ၊ မဖြစ်သေးမီ အနာဂတ်ကာလ၌ ပုဥ္ဇော လာ၍ ဖြစ်ဘို့ရာ အပုံ အစုသည် နတ္ထိ မရှိနှင့်လေ၊ ယေ အကြင် ပစ္စုပ္ပန်ရုပ်နာမ် သင်္ခါရတို့သည် နိဗ္ဗတ္တာ ဖြစ်ပေါ်လာကုန်သည် ဖြစ်၍ တိဋ္ဌန္တိ၊ တည်ရကုန်၏၊ တေပိ၊ ထို ပစ္စုပ္ပန် ရုပ်နာမ် သင်္ခါရ တို့သည်လည်း အာရဂ္ဂေ ပွတ် ဆောက် ဖျား အပ်သွား၌ သာသပူပမာ၊ မုန်ညင်းစေ့တမူ တူသော ဥပမာရှိ ကုန်သည် ဖြစ်၍ တိဋ္ဌန္တိ တည်ရကုန်၏။ ။ဤဒေသနာ အလိုမှာ ရုပ်နာမ် သင်္ခါရတို့သည် ငြိမ်းလေပြီးသော ဆီမီး အတူ တဖန် ပြန်၍ ဖြစ်ခြင်း ငှါမထိုက်၊ အသစ်ဖြစ်ဘို့ရာ စုလျက်ပုံလျက်လည်း မရှိ၊ ပစ္စုပ္ပန်ကာလမှာသာ သယံဇာတ သဘာဝ အလို သိပျက် သိပျက် မျှသာတည်းဟု အဓိပ္ပါယ်လာ၏၊ ထို့ကြောင့် အတုံး အတစ်

အနုစ်သာရ အကောင်အထည်နှင့် ယူလျှင် မိစ္ဆာဒိဋ္ဌိ ဖြစ်လေ၏၊ မိစ္ဆာဒိဋ္ဌိဖြစ်လျှင် အပါယ်သို့ ကျရောက်လေ၏၊ တပည့်တို့ သတိရှိကြစေကုန်။ ။

အဒဿနတော အာယန္တိ၊ ဘင်္ဂါဂစ္ဆန္တိ အဒဿနံ၊
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။ ။

**နိဒ္ဒေသ ပါဠိတော်**

အဒဿနတော၊ မမြင်ရရာ အနာဂတ၊ အဘာဝ အဖြစ်မှ အာယန္တိ၊ လာ၍ အသစ်ပေါ် ဖြစ်လာ ကုန်၏၊ ဘင်္ဂါချုပ်ပျောက် ပျက်စီး ကုန်ပြီးသော ရုပ်နာမ် သင်္ခါရ တို့သည်လည်း အဒဿနံ မမြင်ရရာ အဘာဝစစ် အတိတ် ဖြစ်သို့ ဂစ္ဆန္တိ ရောက်လေကုန်၏၊ အာကာသေ ပဇ္ဇုန်ရိုက်ချုန်း ခြိမ်းအုန်း ထက်ခွင် မိုးဃ်းကောင်းကင်၌ ဝိဇ္ဇုပ္ပါဒေါဣဝ ပြိုးပြက်လျှံလင်း လျှပ်စစ်၏ ဖြစ်ခြင်းကဲ့သို့ ဥပ္ပဇ္ဇန္တိစ ဖြစ်လည်း ဖြစ်ကုန်၏၊ ဝယန္တိစ၊ ပျက်လည်း ပျက်ကုန်၏။ ။

ဤပါဠိတော်၏ အလိုမှာ ရုပ်နာမ်သင်္ခါရတို့သည် လျှပ်စစ်၏သဘော ကဲ့သို့ ခဏ ချက်ခြင်း ဖြစ်ပေါ်၍ ခဏ ချက်ခြင်း ပျောက်ဆုံး လေသည်ဟု ဟောတော်မူသည်။ ။ထို့ကြောင့် ရုပ်နာမ် သင်္ခါရတို့သည် ရက်လ နှစ်ကာလ မရကုန်၊ ရသည်ဟု စွဲယူလျှင် မိစ္ဆာအယူဟု မှတ်ကြလေကုန်၊ သမ္မုတိ မျှသာ ပြောရဟောရသည်၊ အယူကို ပယ်ကြရမည်၊ တပည့်တို့ သတိရှိကြစေကုန်။ ။

ဒုက္ခမေဝ ဟိသမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာသမ္ဘောတိ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

သဂါထာဝဂ္ဂသံယုတ် ပါဠိတော်

ဟိ—သစ္စံ၊ မှန်၏၊ ဒုက္ခမေဝ၊ ဆင်းရဲ သက်သက် သည်သာလျှင် သမ္ဘောတိ အကြောင်းအားလျော်စွာဖြစ်၏၊ ဒုက္ခံ ဧဝ၊ ဆင်းရဲ သက်သက်သည် သာလျှင် တိဋ္ဌတိ, ခဏဋ္ဌီ, ပဗန္ဓဋ္ဌီ အားဖြင့်တည်၏၊ ဝေတိ စ ချုပ်လည်းချုပ်၏၊ ဒုက္ခာ၊ ဒုက္ခကို အညတြ၊ ကြဉ်၍ ကိဉ္စိဓမ္မဇာတံ၊ ပုဂ္ဂိုလ် သတ္တဝါ ခေါ်ဆိုဘွယ်ရာ တစုံ တခုသော တရား သဘောသည် နသမ္ဘောတိ၊ ဖြစ်သည်မရှိ၊ ဒုက္ခာ ဒုက္ခမှ အညံ တပါးသော ကိဉ္စိဓမ္မဇာတံ၊ ပုဂ္ဂိုလ် သတ္တဝါ ခေါ်ဆိုဘွယ်ရာ တစုံတခုသော တရား သဘောသည် နနိရုဇ္ဈတိ၊ ချုပ်သည်မရှိ။ ။ဤပါဠိတော်၏ အလိုမှာ ရုပ်နာမ်ဖြစ်သော ဒုက္ခတရားသည် သာလျှင် ဖြစ်သည် ချုပ်သည် ရုပ်နာမ် ဖြစ်သော ဒုက္ခ တရားမှ တပါး ပုဂ္ဂိုလ် သတ္တဝါ ဖြစ်သည် ချုပ်သည် မရှိဟု ဆို၏၊ ထို့ကြောင့် မိစ္ဆာ အယူဖြစ်သော ပုဂ္ဂိုလ်သတ္တဝါ လူနတ် ဗြဟ္မာစသည် အစွဲကို ပယ်ကြလေကုန်၊ တပည့်တို့၊ သတိရှိကြလေကုန်၊ ။

ခန္ဓဘေဒေါဝ မရဏံ၊ ဇာတိတပ္ပါတု ဘာဝတော။
ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာနဉ္စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။

သာမည်ဝါ သဘာဝေါဝါ၊ ဣဒံ သင်္ခါရ လက္ခဏံ။
သင်္ခါရာဒယော ဝတ္တန္တိ၊ အဝိဇ္ဇာဒီဟိ ဟေတူဟိ။ ။
ဓမ္မသင်္ဂဏီ အဋ္ဌကထာ

ခန္ဓာဘေဒေါ၊ ခန္ဓာ၏ အဆုံးစွန် ချုပ်ပျက်ခြင်း သည်သာ လျှင် မရဏံ သေခြင်းမည်၏၊ တပ္ပါတုဘာဝတော ထိုခန္ဓာ ၏ အစစ္စာ ထင်ရှား ဖြစ်ပေါ် လာခြင်းသည် သာလျှင် ဇာတိ၊ ပဋိသန္ဓေ နေခြင်းမည်၏၊ ခန္ဓာနည်း၊ ခန္ဓာ တို့၏ရင်း၊ ဓာတု အာယတနာနည်း ဓာတ်အာယတန တို့၏ရင်း၊ အဗ္ဗောစ္ဆိန္နံ မပြတ်ပုံသေ၊ ဝတ္တမာနာ ဖြစ်၍ နေသော ပဋိပါဋိ၊ အ စဉ်ကို သံသာရောတိ သံသရာ ဟူ၍ ပဝုစ္စတိ အပြား အားဖြင့် ဆိုအပ်၏၊ သာမည်ဝါ၊ အနိစ္စ နမန ရုပ္ပန စသော ဆက်ဆံသော သဘောသည်ရင်း၊ သဘာဝေါဝါ၊ နမန ရုပ္ပန ဖုသန ကက္ခဋ္ဌစသော မိမိ၏သဘောသည်ရင်း၊ ဣဒံ၊ ဤသာမည ဝိသေသ သဘောသည် သင်္ခါရ လက္ခဏံ၊ သင်္ခတ တရားတို့၏ လက္ခဏာတည်း၊ အဝိဇ္ဇာဒီဟိ၊ အဝိဇ္ဇာအစရှိကုန်သောဟေတူဟိ၊ အကြောင်း တို့ကြောင့် သင်္ခါရာ ဒယော၊ သင်္ခါရအစရှိသည်တို့ သည် ဝတ္တန္တိ ဖြစ်ကုန်၏။

ဤအဋ္ဌကထာ၏ အလိုမှာ သံသရာဆိုတာ ခန္ဓာအစဉ်ကို ဆို သည်၊ ခန္ဓာအစဉ် ဖြစ်ပျက်မှုမှ အပ သံသရာမရှိဟု အဓိပ္ပါယ် လာသည်၊ ဤသံသရာတရားကိုပင်၊ ငါ့ဟာ သူ့ဟာ လုပ်၍နေ ကြသည်၊ ငါ့ဟာ သူ့ဟာ မဟုတ်၊သက်သက် သူ့သဘောနှင့်

သူ အလေ့ပေါက်ဖြစ်ပျက်၍ နေသောတရားပင်တည်းဟု သိကြလေကုန်။

ဤရုပ်နာမ် ခန္ဓာ သံသရာ တရား တို့တွင် မမြဲမှု ဆင်းရဲမှု အစိုးမရမှု တည်းဟူသော သာမည သဘောနှင့် တကွ မိမိ၏ ဝိသေသ သဘောတရားတို့သည် သင်္ခါလက္ခဏာဖြစ်၍ အမှန်ကို မသိမှု၊ အဝိဇ္ဇာ အစရှိသော အကြောင်း တရား တို့ကြောင့်၊ အောက်သံသရာ၊ အလယ်သံသရာ၊ အထက်သံသရာ၊ ကံမျိုးတွေ ဖြစ်သည်ဟု ဟောတော်မူ၏။

ဤသို့ဟောတော်မူသော တရားတို့ကို ယုံကြည် လေးမြတ် သတိချပ်၍/ မှတ်ကြလေ။

ဖေဏပိဏ္ဍောပမံ ရူပံ၊ ဝေဒနာ ပုပ္ဖုဠုပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမာနံ ဝိညာဏံ၊ ဒဋ္ဌုံ သာရဒဿိနာ။
ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်

ရူပံ၊ ရုပ်သည် ဖေဏပိဏ္ဍောပမံ၊ ပထဝီ ထင်းချောင်း ပျောင်းအိအာပေါ်၊ တေဇောချမ်းပူ၊ လှုပ်လှုပ်လှုပ်လွင့်ထ၊ ဝါယောမှသည် စ၍ များမြောင်၊ တောင်မျှတယို ကြီးဘိတမူ သုံးယူ မဖြစ် အနှစ်မရှိ အကာအတိသာ ပစ်စရာ ပမာ ရေမြှုပ်နှင့် တူ၏။ ။ဝေဒနာ မျက်စိ အာရုံ နား အာရုံ နှင့် အာရုံရသာ ခံစားပါလည်း အရာမရောက် ခါခါပျောက်သည့် ခြောက် ပါးသော ဝေဒနာအစုသည် ပုပ္ဖုဠုပမာ ဆင်းရဲချမ်းသာ ခါ လစ်လျူ ဆူလည် ရုတ်ယက် လျင်စွာ ပျက်၍ သုံးခွက်

သုံးရာ မဆင်လာ ပမာ ရေပွက်နှင့် တူ၏။ ။သညာ ဂုတ္တိ ပုရိသ သတ္တ ဇီဝ ါ ထင်မှတ် ပါလည်း မှတ်ရာ မမြဲ အထင်လွဲသော သညာ အစုသည် မရီစိကူပမာ ရေဟု ထင်မှတ်ကြိုးပန်းလတ်၍ တမတ်မားမား လိုက်လေငြားလည်း တောသား သမင် မောဟိုက် သွင်သို့ ဝိညာဉ် ဇီဝ သတ္တ ဆိတ်ညံ့ ပဉ္စက္ခန်ကို အဟံ မမ ထင်မှား ရအောင် မျှားမယ် မောင်ကို ရုပ်ဆောင် လှည့်ပတ် အတွေး ကပ်သည့် တံလျှပ်နှင့် တူ၏။ ။သင်္ခါရာ ဝိတက် ဝိစာ စေတနာက ဖဿ မှသည် စ၍ ရေတွက် နှစ်မဖက်သည့် သင်္ခါရက္ခန္ဓာ အပေါင်း တို့သည် ကဒလူပမာ အနှစ်တွေ့နိုး အားအန် ကြိုး၍ အကျိုး တလျှောက် ထက်အောက် တွင်းပြင် ရှာသော် လျှင်လည်း တပင်လုံးသာ၊ ကုန်လေ ပါသည်၊ အကာ လုံးလုံး အနှစ် သုဉ်းသည့် ငှက်ပျောတုံးနှင့် တူကုန်၏။ ။ဝိညာဏံ၊ စက္ခု သောတ ဃာနဇိဝှါ ကာယ နှလုံး မှီအုံး ခိုနေ လူကို မွေသည့် ခြောက်ထွေသော ဝိညာဏ် အစုသည် မာယူပမာနံ ကျောက်အုတ်ခဲကို ဘောက်လွှဲ ပြုပြင် ရွှေစင် မြသား ပတ္တမြား အရောင် ဟန်ဆောင်ပြုလုပ် မျက်လှည့်ရုပ်နှင့်တူ၏၊ ဂုတ် ဤသို့ သာရဒဿိနာ အနှစ်ကို မြင်သိသော ပညာရှိသည် ဒဌဗ္ဗံ မှတ်အပ်ရှုအပ်၏။ ။ဤပါဠိတော်၏ အလိုမှာ ရုပ်သည် ရေမြှုပ်နှင့်တူ၏၊ အဘယ်လို ရေမြှုပ်နှင့် တူသည် ဆိုသော် ရေမြှုပ်သည် ဘာဝတခု နှင့်မျှ အထိ အခိုက် အတိုက်မခံနိုင်၊ ထို့အတူ ရုပ်သည် အပူ အအေး စသည်နှင့် တွေ့ထိ တိုက်ခိုက်မှု ဖြစ်လျှင် ပျက်စီး ခြင်းသို့ ရောက် ရလေ၏၊ ထို့ကြောင့် ရေမြှုပ်နှင့်တူ

သည်ဟု ဟောတော်မူသည်။ ။ဝေဒနာ သည် ရေ ပွက် နှင့်တူ၏၊ ရေပွက်နှင့် အဘယ်လို တူသည်ဟု ဆိုသော် ရေပွက်သည် ခဏခြင်း ဖြစ်၍ ခဏခြင်း ပျက်ရလေ၏၊ ထို့အတူ ဝေဒနာသည် ကောင်း မကောင်း အလတ် ခံစား ပြီး ခဏခြင်း ပျက်ရ လေ၏၊ ထို့ကြောင့် ရေပွက် နှင့်တူ သည်ဟု ဟောတော်မူသည်။ ။သညာ သည် တံလျှပ် နှင့် တူ၏၊ တံလျှပ်နှင့် အဘယ်သို့ တူသည် ဆိုသော် တံ လျှပ်သည် မိုဃ်းတိမ် တိုက်၌ ခဏခြင်း ဖြစ်၍ ခဏခြင်း ပျက်ရ လေ၏၊ ထို့အတူ သညာသည် ကောင်း မ ကောင်း အဟောင်း အသစ် မှတ်မူ၊ ခဏခြင်း ဖြစ်၍ ခဏခြင်း ပျက်ရ လေ၏၊ ထို့ကြောင့် တံလျှပ်နှင့် တူသည်ဟု ဟောတော်မူ သည်။ ။သင်္ခါရသည် ငှက်ပျော တုံးနှင့် တူ၏၊ ငှက်ပျော တုံးနှင့် အဘယ်သို့ တူသည်ဆိုသော်၊ ငှက်ပျောတုံးသည် တ ပင်လုံး၌ အနှစ်မရှိ၊ ထို့အတူ စေတနာအစရှိသော သင်္ခါရက္ခန္ဓာ တရားတို့သည် အနှစ်သာရမရှိကုန်၊ ထို့ကြောင့် ငှက်ပျောတုံး နှင့် တူသည်ဟု ဟောတော်မူသည်။ ဝိညာဏ်သည် မျက်လှည့် ရုပ်နှင့် တူ၏၊ မျက်လှည့်ရုပ်နှင့် အဘယ်သို့ တူသည် ဆိုသော် မျက်လှည့် ရုပ်သည် မဟုတ် ဘဲလျက် အဟုတ် ထင်ရအောင် ဖန်ဆင်း ပြုလုပ်တတ်၏၊ ထို့အတူ ဝိညာဏ်သည် အာရုံနှင့် တွေ့လျှင် ထွေထွေလာလာ မဟုတ်ဘဲကို အဟုတ် ထင်ရအောင် ကြံစည် ပြုလုပ် တတ်၏၊ ထို့ကြောင့် မျက်လှည့်ရုပ် နှင့် တူ သည်ဟု ဟောတော်မူသည်။ ။ဤသို့ဟောတော်မူသော တရား တို့ကို သူတော်ကောင်း ဖြစ်သူ ပညာရှင်များသာ သိနိုင်သည်၊

အနွှပါလတို့ မသိနိုင်ချေဟု မှတ်ကြလေကုန်၊ တပည့်တို့ ယခု အခါ၌ ဆရာတွေ့ဆဲတွင် မသိ သိအောင် မမြင် မြင်အောင် ကြိုးစား၍ အားထုတ်ကြလေကုန်၊ သတိရှိကြစေ။

ကမ္မသာ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။
သုဒ္ဓ ဓမ္မာ ပဝတ္တန္တိ ၊ဧဝံ တံ သမ္မဒဿနံ။

အင်္ဂုတ္တိုရ်ပါဠိတော်

ကမ္မဿ၊ ကုသိုလ်, အကုသိုလ်ကံကို ကာရကော ပြုလုပ်တတ်သော ပုဂ္ဂိုလ် သတ္တဝါသည် နတ္ထိ၊ မရှိ၊ ဝိပါကဿ၊ ကုသိုလ်, အကုသိုလ်ကံ၏ အကျိုး တရားကို ဝေဒကော စ၊ ခံစား စံစား တတ်သော ပုဂ္ဂိုလ် သတ္တဝါသည်လည်း နတ္ထိ၊မရှိ၊ သုဒ္ဓဓမ္မာ ပုဂ္ဂိုလ် သတ္တဝါနှင့် မရောမယှက် ဖြစ်ပျက် မှန်လှ ရုပ်နာမ် သင်္ခါရ တို့သည် သာလျှင် ပဝတ္တန္တိ၊ ဖြစ်ကုန်၏၊ ဧဝံ၊ ဤဆိုအပ်ပြီးသည့် အတိုင်း တံဒဿနံ၊ ဤသို့ မြင်ခြင်းသည် သာလျှင် သမ္မဒဿနံ၊ မဘောက် မပြန် ဝိပဿနာ ဉာဏ်ဖြင့် ဟုတ်မှန်စွာမြင်ခြင်း မည်၏။ ။ဤပါဠိ တော်မှာ ၊ အဓိပ္ပါယ် လွယ်လှ၏။

ယထာ ပုပ္ဖုဠ္ဌကံ ပဿေ၊ ယထာ ပဿေ မရီစိကံ၊
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

ဓမ္မပဒပါဠိတော်

ပုပ္ဖုဠ္ဌကံ၊ ရေပွက်ကို ပဿယထာ၊ ရှုသကဲ့သို့ငှင်း၊ မရီစိကံ၊ တံလျှပ်ကို ပဿေယထာ ရှုသကဲ့သို့ငှင်း၊ ဧဝံ၊ ဤအတူ လောကံ၊

ရုပ်လောက, နာမ်လောကကို အစေကွန့်၊ စေ့စေ့ငုငု ရှုမြင်၍ နေသောသူကို မစ္ဆုရာဇာ သေမင်းသည် နပဿတိ၊ မမြင်နိုင်။ ဤပါဠိတော်မှာ အဓိပ္ပါယ်လွယ်လှ၏။

ဝိညာဏေ ဘိက္ခဝေ အာဟာရေ ပရိညာတေ နာမရူပံ ပရိညာတံ ဟောတိ၊ နာမရူပေ ပရိညာတေ အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ။

**နိဒါနဝဂ္ဂသံယုတ် ပါဠိတော်**

ဘိက္ခဝေ၊ ချစ်သားတို့ ဝိညာဏေ အာဟာရေ ဝိညာဏ အာဟာရကို ပရိညာတေ ပရိညာသုံးပါးဖြင့် ပိုင်နိုင်သည် ရှိသော် နာမရူပံ နာမ်တရား ရုပ်တရား နှစ်ပါးကို ပရိညာတံ၊ အလိုလိုပိုင်နိုင်တော့သည်၊ ဟောတိ ဖြစ်၏၊ နာမရူပေ၊ နာမ်တရား ရုပ်တရား နှစ်ပါး ပရိညာတေ ပိုင်နိုင်သည် ရှိသော် အရိယ သာဝကဿ ငါဘုရား တပည့်သားအား ဥတ္တရိ ထိုထက် အလွန် ကိဉ္စိ တစုံတခုမျှ ကရဏီယံ ပြုဘွယ် ကိစ္စသည် နတ္ထိ မရှိတော့ပြီ၊ ဣတိ ဤသို့ ဝဒါမိ၊ ငါဘုရားဟော တော်မူ၏။ ။ဤပါဠိတော်၏ အလိုမှာ ဝိညာဏ် နာမ်ဓာတ် တခုကို သေသေ ချာချာ ပိုင်နိုင်ခဲ့သည် ရှိသော် အကြွင်းရုပ် နာမ်တရား တို့ကို ပိုင်နိုင် တော့သည်၊ ရုပ်နာမ် ပိုင်နိုင်လျှင် ပရိညာသုံးပါးပြီးလေတော့၏၊ ပရိညာသုံးပါး ပြီးလျှင် ပြုဘွယ် လုပ်ဘွယ် အားထုတ်ဘွယ် မရှိတော့ပြီဟု အဓိပ္ပါယ်လာ၏။

ထို့ကြောင့် ခန္ဓာငါးပါး၌ တပါးပါးကိုပိုင်အောင် လုပ်ရမည် ဟု ဆရာ သတိ ပေးလိုက်သည်၊ တပည့်တို့ —

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။

**ပဋိစ္စသမုပ္ပါဒ်**

ကာယဉ္စ၊ ကာယပသာဒ ရုပ်ကို လည်းကောင်း၊ ဖောဋ္ဌဗ္ဗေစ၊ ဖေါဋ္ဌဗ္ဗဓာတ် တို့ကို လည်းကောင်း၊ ပဋိစ္စ အစွဲပြု၍ ကာယဝိညာဏံ ကာယဝိညာဏ်သည် ဥပ္ပဇ္ဇတိ ဖြစ်ပေါ်၏၊ တိဏ္ဏံ ကာယ, ဖေါဋ္ဌဗ္ဗ, ကာယ ဝိညာဏ် ဟူသော သုံးပါးသော ဓာတ်တို့၏ သင်္ဂတိ ပေါင်းထွေးမှုသည် ဖဿော ဖဿ မည်၏၊ ဖဿပစ္စယာ ဖဿ ဟူသော အကြောင်းကြောင့် ဝေဒနာ နာကျင်မှု စသော ဝေဒနာ တရားသည် သမ္ဘဝတိ ဖြစ်ပေါ်လာ၏။ ။အဓိပ္ပါယ်လွယ်လှ၏။

နာမရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ။
နာမရူပပရိဂ္ဂဟော သမ္မာဒိဋ္ဌိနာမ။
နာမရူပပရိဂ္ဂဟော ယထာဘူတဉာဏံနာမ။
နာမရူပ ဝဝတ္ထာနေန သက္ကာယ ဒိဋ္ဌိ ပဟီနာ ဟောတိ။
နာမရူပါနံ ဥပ္ပါဒ ဒဿနေန ဥစ္ဆေဒဒိဋ္ဌိယာ ပဟာနံဟောတိ။
နာမရူပါနံ ဝယဒဿနေန သဿတဒိဋ္ဌိယာ ပဟာနံဟောတိ။

**ဓမ္မပဒ။**

နာမရူပ ပရိဂ္ဂဟော နာမ်ရုပ် နှစ်ပါးကို သိမ်းဆည်းခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိနာမ ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။ ။နာမရူပ ပရိဂ္ဂဟော နာမ်ရုပ် နှစ်ပါးကို သိမ်းဆည်း ခြင်းသည် သမ္မာဒိဋ္ဌိနာမ သမ္မာဒိဋ္ဌိ မည်၏။ ။နာမရူပ ပရိဂ္ဂဟော၊ နာမ်ရုပ်နှစ်ပါးကို သိမ်းဆည်း ခြင်းသည် ယထာဘူတံ ဉာဏံနာမ၊ နာမ်ရုပ် နှစ်ပါးကို ဟုတ်တိုင်း မှန်စွာ သိသော ဉာဏ်မည်၏။ နာမရူပ ဝ ဝတ္ထာဝနေန၊ နာမ်ရုပ် နှစ်ပါးကို ပိုင်းခြားမှတ်သားသဖြင့်၊ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို ပဟီနာ ပယ်သည် ဟောတိ၊ ဖြစ်၏။ ။နာမရူပါနံ၊ နာမ်ရုပ်တရားတို့၏ ဥပ္ပါဒဒဿနေန၊ ဖြစ်ခြင်းကို ဟုတ်တိုင်း မှန်စွာ မြင်သဖြင့် ဥစ္ဆေဒဒိဋ္ဌိယာ၊ ဥစ္ဆေဒဒိဋ္ဌိကို ပဟာနံ၊ ပယ်ခြင်းသည် ဟောတိဖြစ်၏။ ။နာမရူပါနံ ၊နာမ်ရုပ်တရား တို့၏ ဝယဒဿနေန၊ ပျက်ခြင်းကို ဟုတ်တိုင်းမှန်စွာ မြင်သဖြင့် သဿတဒိဋ္ဌိယာ၊ သဿတဒိဋ္ဌိကို ပဟာနံ၊ ပယ်ခြင်းသည် ဟောတိ၊ ဖြစ်၏။ ဤဒေသနာတို့မှာ အဓိပ္ပါယ်လွယ်လှ၏၊

သစေ ဝိပဿနာ သမ္မာဒိဋ္ဌိ ဘာဝိတာ
ဒိဋ္ဌေဝ ဓမ္မေ အရဟတ္တံ ပါပေတုံ
သက္ကောတိ၊ ဂ္ဂစ္စေတံကုသလံ နောစေသက္ကောတိ၊
သတ္တ ဘဝေ ဒေတိ။

ကေအဂုတ္တိုရ် အဋ္ဌကထာ

ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိကို ဘာဝိတာ။ ပွါးအပ်သည် ရှိသော် ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့ ပါပေတုံ၊ ရောက်စေခြင်းငှါ သစေသက္ကောတိ၊ အကယ်၍ စွမ်းနိုင်သည် ဖြစ်အံ့ ဣစ္စေတံ, ဣတိဝေ၊ ဤသို့ စွမ်းနိုင်ခြင်းသည် ကုသလံ၊ အဖြစ်မရှိ၊ နောစေသက္ကောတိ၊ အကယ်၍ မစွမ်းနိုင်သည် ဖြစ်အံ့ သတ္တဘဝေ၊ ခုနစ်ဘဝတို့ကို ဒေတိ၊ ပေး၏။ ။ဤအဋ္ဌကထာ၏ အလိုမှာ ရုပ်နာမ်ကို ပိုင်းခြားနိုင်သော သူသည် ဝိပဿနာ ဉာဏ် ပေါက် လျှင် အရဟတ္တဖိုလ် သို့ ရောက် ၏။ မပေါက်လျှင် ခုနစ်ဘဝ ကျင်လည် ရဦးမည်ဟု အဓိပ္ပါယ်လာ၏၊ သတိပြုကြလေ၊ တပည့်တို့—

သောတံ အာဒိတော အာပဇ္ဇိံသု။
ပါပုဏိံသုတိသောတာပန္နာ။
စူဠ သောတာပန္နာ စူဠသောတာပန္နာ။

**မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ**

ယေ၊ အကြင် နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်နှစ်ပါးနှင့် ပြည့်စုံ ကုန်သော သူတို့သည် သောတံ သမ္မာဒိဋ္ဌိ၊ သမ္မာသကပ္ပ အစရှိသော မဂ္ဂင်ရှစ်ပါး တည်းဟူသော ရေအယဉ်သို့ အာဒိတော၊ အစစွာ အာပဇ္ဇိံသု ပါပုဏိံသု၊ ရောက်ကုန်ပြီ၊ ဣတိ၊ ဤသို့ ဝါ၊ ဣတိတသ္မာ၊ ထို့

ကြောင့် တော၊ ထိုနာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟ ဉာဏ်နှစ်ပါးနှင့် ပြည့်စုံကုန်သော သူတို့သည် သောတာပန္နာ၊ သောတာပန်မည်ကုန်၏။ ။စူဠ၊ ငယ်ကုန်သော သောတာ ပန္နာ၊ သောတာပန်တို့တည်း၊ စူဠသောတာပန္နာ၊ ငယ်ကုန် သော သောတာပန်တို့။ ။အဓိပ္ပါယ်လွယ်လှ၏။

ဉာမိနာ ပန ဉာဏေန သမ္ပန္နာဂတော
ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော
လဒ္ဓပ္ပတိဋ္ဌော နိယတ ဂတိကော
စူဠသောတာပန္နောနာမ။

**ဒီဃနိကာယဖြေဟ္မဇာလသုတ် အဋ္ဌကထာ။**

ဉာမိနာပနဉာဏေန၊ ဤနာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်နှစ်ပါးနှင့် သမ္မာန္နာဂတော၊ ပြည့်စုံသော ဝိပဿ ကော၊ ဝိပဿနာကို အားထုတ်သော ယောဂီသည် ဗုဒ္ဓသာ သနေ၊ မြတ်စွာဘုရား၏ သာသနာတော်၌ လဒ္ဓဿာသော နိဗ္ဗာန် ချမ်းသာကြီးကို ရောက်ကြောင်း တရား ကောင်းကို သိမြင်သောကြောင့် စိတ်၏ သက်သာရာကြီး ကို ရသည် ဖြစ်၍ရင်း၊ လဒ္ဓပ္ပတိဋ္ဌော, သံသရာ ဝဋ္ဋဆင်းရဲကြီးမှ ထွက်မြောက် ကြောင်း တရားကို သိမြင်သောကြောင့် စိတ်၏ ကိုးကွယ်ရာ ဆောက် တည် ရာ ကြီး ကို ရသည် ဖြစ်၍ ရင်း၊ နိယတ ဂတိ

ကော, မဂ်ဖိုလ်နိဗ္ဗာန် လျင်စွာရောက်ကြောင်း တရားကောင်းကို အားထုတ် နိုင်သော ရုပ်,နာမ် သဘော မြဲသော ဂတိရှိသည်ဖြစ်၍ ငင်း၊ စူဠသောတာပန္နောနာမ, သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ အစရှိသော မဂ္ဂင်ရှစ်ပါး တည်းဟူသော ရေအယာဉ်သို့ ရှေးဦးစွာရောက်သောကြောင့် စူဠသောတာပန် မည်၏။ ။ဤအဋ္ဌကထာ မှာ အဓိပ္ပါယ် လွယ်လှ၏။ ။

သုညမိဒံ အတ္တေနဝါ အတ္တနိယေနဝါ၊
တသ္မာ သုညော လောကောတိ ဝုစ္စတိ။ ။

**သံယုတ်ပါဠိတော်။**

ဣဒံ, ဤရုပ်လောက, နာမ်လောကသည် အတ္တေနဝါ, ငါဟူသော အတ္တမှလည်း၊ အတ္တနိယေနဝါ, ငါ့ဉစ္စာမှလည်း၊ သုညံ, ဆိတ်၏ သုဥ်း၏၊ တသ္မာ, ထို့ကြောင့်၊ လောကော, ရုပ်လောက နာမ်လောကကို သုညောတိ, သုညဟူ၍လည်းကောင်း, သုဥ်း၏ ဟူ၍ ဝုစ္စတိ, ဟောအပ် ပြောအပ် ဆိုအပ် မိန့်အပ်၏။ ။ဤပါဠိတော် အလိုမှာ ပုဂ္ဂိုလ် သတ္တဝါသည် ရုပ် လောက နာမ်လောကထဲမှာ မရှိလုံးလုံး သုဥ်းချေနေသည်ဟု အဓိပ္ပါယ် လာ၏၊ သတိရှိကြစေ, တပည့်တို့။ ။

ဒုက္ခမေဝ ဟိ န ကောစိ ဒုက္ခိတော, ကာရကော န ကိရိယာဝ ဝိဇ္ဇတိ၊
အတ္ထိ နိဗ္ဗုတိ န နိဗ္ဗုတော ပုမာ, မဂ္ဂမတ္ထိ ဂမကော န ဝိဇ္ဇတိ။ ။

**အင်္ဂုတ္တိုရ်ပါဠိတော်။**

ဣဓ, ဤ သာသနာတော် အလို၌ ဒုက္ခမေဝ, ဆင်းရဲ သက်သက် သည်သာလျှင် အတ္ထိ, ထင်ရှားကေန် ရှိ၏၊ ဒုက္ခိ, ဆင်းရဲ တတ်သော ပုဂ္ဂိုလ် သတ္တဝါသည် နော အတ္ထိ, မရှိ၊ ကိရိယာဝ, ပြုပြင်တတ်သော သမုဒယ သစ္စာသည် သာလျှင် အတ္ထိ, ထင်ရှား ကေန်ရှိ၏၊ ကာရကော, ပြုပြင် တတ်သော ပုဂ္ဂိုလ်သတ္တဝါသည် နအတ္ထိ, မရှိ၊ နိဗ္ဗုတိဝ, ငြိမ်းခြင်းသဘော နိရောဓ သစ္စာသည် သာလျှင် အတ္ထိ, ထင်ရှား ကေန်ရှိ၏၊ နိဗ္ဗုတော, ငြိမ်းတတ်သော ပုဂ္ဂိုလ်သတ္တဝါသည် နအတ္ထိ, မရှိ၊ မဂ္ဂေါဝ, ခရီးသည် သာလျှင် အတ္ထိ, ထင်ရှား ကေန်ရှိ၏၊ ဂမကော, သွားတတ်သောပုဂ္ဂိုလ်သတ္တဝါသည် နအတ္ထိ,အခါ ခပ်သိမ်းမရှိ။ ။ဤပါဠိတော်အဓိပ္ပါယ်လွယ်လှ၏။ ။

သစ္စာနုလောမိကံဝါတိ ဝိပဿနာဉာဏံ၊
တဉှိ စတုန္နံ သစ္စာနံ အနုလောမနတော
သစ္စာနုလောမိကန္တိ ဝုစ္စတိ။ ။

**သစ္စာဝိဘင်း အဋ္ဌကထာ။**

သစ္စာနု လောမိကံဝါတိ, သစ္စာနု လောမိက ဟူသည် ကား၊ ဝိပဿနာဉာဏံ, ဝိပဿနာဉာဏ် ပေတည်း။ ဟိ, ထို စကားမှန်၏၊ တံ, ထို ဝိပဿနာ ဉာဏ်သည် စတုန္နံ သစ္စာနံ, လေးပါးသော အရိယ သစ္စာ တို့အား အနုလောမနတော လျော်ခြင်း ကြောင့် သစ္စာနုလောမိကန္တိ, သစ္စာနုလောမိက ဟူ၍၊ ဝုစ္စတိ, ဆိုအပ်၏၊ ဆိုလေ။ ။

ထပေတွာ သစ္စာနုလောမိကဉာဏန္တိ မဂ္ဂသစ္စာဿ
ပရမတ္ထ သစ္စာဿစ အနုလောမတော သစ္စာနုလောမိ
ကန္တိ လဒ္ဓနာမံ ဝိပဿနာဉာဏံ ထပေတွာ အဝ
သေသာ သဗ္ဗာပိ သာသဝါ ကုသလာ ပညာ ကမ္မ
သကတာဉာဏ မေဝါတိ အတ္ထော။ ။

**သစ္စဝိဘင်း အဋ္ဌကထာ။**

ထပေတွာ သစ္စာနုလောမိက ဉာဏန္တိ, ထပေတွာ သစ္စာနုလောမိကဉာဏံ ဟူသော ပါဠိတော်ပါဌ်ကား၊ မဂ္ဂသစ္စဿစ, မဂ္ဂသစ္စာအားရင်း၊ ပရမတ္ထသစ္စဿစ, နိဗ္ဗာန်ဟူသော ပရမတ္ထ သစ္စာ အားရင်း၊ အနုလော မတော, လျော်ခြင်း ကြောင့် သစ္စာနုလောမိကန္တိ, သစ္စာနုလောမိကဟူ၍၊ လဒ္ဓနာမံ, ရအပ်သော အမည်ရှိသော ဝိပဿနာဉာဏံ, ဝိပဿနာ ဉာဏ်ကို ထပေတွာ, ချန်ထား၍ အဝသေသာ သစ္စာနု, လောမိက အမည်ရသော ဝိပဿနာ ဉာဏ်မှ ကြွင်းသော သဗ္ဗာပိ, အလုံးစုံလည်းဖြစ်ကုန်သော သာသဝါ, ကုသလာ ပညာ, အာသဝနှင့် တကွဖြစ်သော ကုသိုလ်နှင့် ယှဉ်သော ပညာသည် ကမ္မသကတာဉာဏမေဝါတိ, ကမ္မသကတာ ဉာဏ်ဟူ၍ သာလျှင် အတ္ထော, အနက်သဘောကို ဒဋ္ဌဗ္ဗော, မှတ်အပ်၏။ ။ထိုအဋ္ဌကထာ ဆရာ၏ အလိုကို အဓိပ္ပါယ်ကောက်ဆိုသော် သစ္စာနုလောမိက အမည်ရသော မဂ်ရောက်ကြောင်း ဝိပဿနာ ပညာသည် သာသနာတော် တွင်းကာလ၌ သာရှိ၏၊ ရကောင်း၏။

သာသနာတော်ပ ကာလ၌ မရကောင်း၊ ကမ္မ သကတာ ပညာကိုကား သာသနာ တော်တွင်း သာသနာတော်ပ နှစ်ရပ်လုံး မှာပင် ရကောင်း၏၊ အဘယ်ကြောင့် နည်းဟူမူကား သာသနာ တော်ပ ကာလ၌ သခ်ါရမျိုးဖြစ်သော နာမ်ရုပ် တရားတို့ကို အကြောင်းနှင့် တကွ သိမ်းဆည်းခြင်း၊ ထိုသခ်ါရ တရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာတို့ကို ထင်မြင်အောင် ရှုခြင်းစ သော သစ္စာနုလောမိက ဝိပဿနာပညာမရှိသော အခါကာလ ဖြစ်သော ကြောင့် ပေတည်း၊ ထို့ကြောင့် သစ္စာနုလောမိက ဝိပဿနာ ပညာရှိသော သူသည် ကလျာဏ မည်ပေ၏၊ သစ္စာ နုလောမိက ဝိပဿနာ ပညာ မရှိသောသူသည် အန္ဓပုထုဇန် မည်ပေ၏၊အဘယ်ကြောင့် နည်းဟုဆိုသော် ထိုကလျာဏ ပုထုဇ္ဇ ဝေါ်အပ်သော သစ္စာနုလောမိက ဝိပဿနာပညာ ရှိသောသူ အားသာလျှင် လောကုတ္တရာ ဖြစ်သော အရိယာ ပုဂ္ဂိုလ်ဟူ သော အကျိုးထူးကို ရထိုက် ရနိုင်သော သူမည် ပေသော ကြောင့်ပင်တည်း၊ ။ထပည့်တို့ ဤအဋ္ဌကထာ၏ စကား တော်ကို များများကြီး ယုံကြည်၍ လိုက်နာကျင့်သုံးကြလေကုန်။

အရိယသစ္စံနာမ သဗ္ဗေသံ တေဘူမကဓမ္မာနံ ဧကန္တ ဒုက္ခဘာဝေါ, တဏှာယ ဧကန္တ ဒုက္ခ သမုဒယ ဘာဝေါ, နိဗ္ဗာနဿေဝ ဒုက္ခနိရောဓ ဘာဝေါ, အဋ္ဌင်္ဂိကဿ မဂ္ဂဿေဝ ဒုက္ခနိရောဓ မဂ္ဂဘာဝေါ, စာတိ၊ ဣဒမေဝ ဟိ ပရိသုဒ္ဓ ဗုဒ္ဓီနံ အရိယာနံ ဉာဏေန

အစလမာနံ သဗ္ဗာ ကာရ ပရိပုဏ္ဏံ နိပ္ပရိယာယသစ္စံ ဟောတိတိ၊ တေသု ဣမေ သမ္မုတိသစ္စံ နိဝတ္တေန္တော ပရမတ္ထတောတိ ဣဒမာဟ။

**ပရမတ္ထဒီပနီ ဋီကာကြီး။**

အရိယသစ္စံနာမ၊ အရိသစ္စာမည် သည်ကား။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော၊ တေဘူမကဓမ္မာနံ၊ တေဘူမက တရားတို့၏၊ ကေန္တဒုက္ခဘာဝေါစ၊ ဒုက္ခစင်စစ်၏ အဖြစ်သည်၎င်း တဏှာယ တဏှာ၏၊ ကေန္တဒုက္ခသမုဒယ ဘာဝေါစ ဒုက္ခ အစစ် ပွါးရာ ပွါးကြောင်း၏ အဖြစ်သည်၎င်း၊ နိဗ္ဗာနဿဝ၊ နိဗ္ဗာန်၏ သာလျှင်၊ ဒုက္ခနိရောဓဘာဝေါစ ဒုက္ခ၏ချုပ်ရာ အဖြစ်သည်၎င်း၊ အဋ္ဌင်္ဂိကဿ၊ အင်္ဂါရှစ်ပါးရှိသော၊ မဂ္ဂဿဝ၊ မဂ်၏သာလျှင်၊ ဒုက္ခနိရောဓမဂ္ဂဘာဝေါစ၊ ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း၏ အဖြစ်သည်၎င်း၊ ဟောတိ၊ ဖြစ်၏၊ ဣတိ၊ ဤသို့၊ ဝေဒိတဗ္ဗံ၊ သိအပ်၏၊ ဟိသစ္စံ၊ မှန်၏၊ ဣဒမေဝ၊ ဤအရိယသစ္စာ တရားသည် သာလျှင်၊ ပရိသုဒ္ဓဗုဒ္ဓိနံ စင်ကြယ်သော အသိဉာဏ် ရှိကုန်သော၊ အရိယာနံ အရိယာ တို့၏၊ ဉာဏေန၊ ဉာဏ်ဖြင့်၊ အစလမာနံ၊ တုန်လှုပ်ခြင်း မရှိသော၊ သဗ္ဗာကာရပရိပုဏ္ဏံ၊ အလုံးစုံသော အခြင်း အရာနှင့် ပြည့်စုံသော၊ နိပ္ပရိယာယသစ္စံ၊ မချွသဘော ဆတ်ဆတ် သော သစ္စာမည်သည်၊ ဟောတိ၊ ဖြစ်၏၊ ဣတိ၊ ဤသို့မှတ် အပ်၏၊ တေသု၊ ထိုသမ္မုတိသစ္စာ ပမတ္ထသစ္စာ အားဖြင့် နှစ်ပါးတို့တွင်၊ ဣမေ၊ ဤအရာ၌ သမ္မုတိသစ္စံ၊ သမ္မုတိသစ္စာ

ကို နိဝတ္တေန္တော၊ စွန့်ခွါပယ်ပစ် နှစ်စေလိုသည် ဖြစ်၍၊ ပရမတ္ထတောတိဏ္ဏဒ္ဒံ၊ ပရမတ္တတော ဟူသော ဤစကားကို၊ အာဟ၊ ဆိုတော်မူ၏။ ။ဤဋီကာ၏ အလိုမှာ ပရမတ္ထသစ္စာကိုပြောလျှင်၊ သမ္မုတိသစ္စာနှစ်သည်၊ သမ္မုတိသစ္စာကို ပြောလျှင် ပရမတ္ထသစ္စာနှစ်သည်၊ သမ္မုတိသစ္စာဆိုတာ လောက၏အလို၊ ပရမတ္ထ သစ္စာဆိုတာ လောကုတ္တရာ၏ အလိုဖြစ်သည်၊ လောကုတ္တရာ အလိုရှိလျှင် လောကုတ္တရာနှင့် ဆိုင်သောသစ္စာကိုသာ အလေးအမြတ် ပြုရမည်၊ လောကီသစ္စာဆိုတာ လောကအလယ် သမ္မုတိနယ်မှာ သာအသုံးဝင် သည်၊ လောကုတ္တရာနယ်မှာ အသုံးမဝင်ဟု အဓိပ္ပါယ်လာ၏၊ ထို့ကြောင့် အရိယာလမ်းကို လိုက်လိုသော သူတော်ကောင်းတို့သည်၊ အရိယသစ္စာကိုသာအလေးအမြတ်ပြုကြလေကုန်။

## တနည်း။

၁။ ရုပ်ဖြစ်ရာမှာ, နာမ်ပေါ်တာ, သည် ဟို မရပါ။
၂။ သည် ဟို ေ ရှ, ဒေရှင်းပ, သည ဖြစ်သည် သာ။
၃။ သည် ဟို ရှိပြန်, အတ္တခံ, မမှန်ပြောသည်သာ။
၄။ အတွင်း အပ, ဤ နှစ်ဝ, မုချ မရှိပါ။
၅။ မုချ ရှိထင်, မိစ္ဆာ ဝင်, အမြင် မဟုတ်ပါ။
၆။ အမြင်ဟုတ်ချင်, သဘောတွင်, စင်အောင် ရှုကြပါ။
၇။ ဟော သည် မာမာ, ဟိုမာမာ, အပို ပြောကြရှာ။
၈။ အပိုပြောလေ မစင်လေ၊ မသွေ မှတ်ကြပါ။
၉။ ကိုယ်ဟောကိုယ်မိ ကိုယ်မသိ, ဒိဋ္ဌိမလွတ်ပါ။

၁၀။ ကိုယ်ဟော ကိုယ်သိ၊ သဘောမိ၊ ဒိဋ္ဌိလွတ်ရပါ။
၁၁။ သဘောသာရှိ၊ အပြောမိ၊ အသိမစင်ပါ။
၁၂။ အသိမစင်၊ လွတ်လိမ့်ထင်၊ အမြင်မိစ္ဆာပါ။
၁၃။ မိစ္ဆာလွတ်ချင်၊ သဘောတွင်၊ စင်စင်ရှုကြပါ။
၁၄။ စင်စင်ရှုနိုင်၊ သဘောပိုင်၊ မယိုင် အရိယာသာ။
၁၅။ အရိယာမှာ၊ အသိဟာ၊ ဘယ်ခါ မလစ်ပါ။
၁၆။ ဘယ်ခါ မလစ်၊ သတိဖြစ်၊ နှစ်၍ အားထုတ်ပါ။
၁၇။ အားထုတ်မှုသာ၊ အကျင့်ဟာ၊ သေချာ မှတ်ကြပါ။
၁၈။ ပြောကျင့် ဟောကျင့်၊ သဘောကျင့် အကျင့် တူလှပါ။
၁၉။ ဤနေရာမှာ ရှုပ်ထွေးတာ၊ သေချာ မှတ်ဘို့ရာ။
၂၀။ ဆရာရေးပြ၊ သဘောမျှ၊ ကြံ၍ ကြည့်ကြပါ။

## တနည်း။

၁။ ပေါ်တာမှတ်ပြု၊ သညာစု၊ စွဲမှု ကြောင်းရင်းသာ။
၂။ ဝိညာဉ်ရှေ့နေ၊ သိမှုတွေ၊ ယှဉ်လေ နှစ်ဘက်သာ။
၃။ ပညာပေါ်ပြား၊ နှစ်ခုအား၊ ခွဲထား သူ့ဘာသာ။
၄။ ဖြစ်လာ ပေါ်လာ၊ အကျိုးသာ သညာ မှတ်စုပါ။
၅။ ဝိညာဉ်ကလည်း၊ ဟုတ်သည်ချည်း၊ အပြီးဆုံးဖြတ်တာ။
၆။ ဖြစ်ချုပ် အစဉ်၊ မပြတ် မြင်၊ ပညာ ယှဉ်တော့သာ။
၇။ မြင် ကြား နံ လျက် ထိ၊ ဖြစ်ပေါ်ဘိ၊ အသိသညာသာ။
၈။ ဝိညာဉ် ရှေ့နေ၊ လိုက်ပြန်လေ၊ ဟုတ်ပေ သူတို့ဟာ။
၉။ မြင် ကြား နံ လျက် ထိ၊ လုံးလုံးမရှိ၊ အသိ ပညာပါ။
၁၀။ ဖြစ်ချုပ်မှုသာ၊ လက္ခဏာ၊ သစ္စာ ကောက်ယူကာ။

၁၁။ အပျက်လုံးလုံး, မြင်မှုသုဉ်း, အဆုံး ပညာပါ။
၁၂။ အပျက် လုံးလုံး, ကြားမှု သုဉ်း, အဆုံး ပညာပါ။
၁၃။ အပျက် လုံးလုံး, နံမှုသုဉ်း, အဆုံးပညာပါ။
၁၄။ အပျက် လုံးလုံး, လျက်မှုသုဉ်း, အဆုံး ပညာပါ။
၁၅။ အပျက်လုံးလုံး, ထိမှုသုဉ်း, အဆုံး ပညာပါ။
၁၆။ ဖြစ် ပျက် ကြောင်း ကျိုး, ကြံသိမျိုး, ခေါ်ရိုးဓမ္မတာ။
၁၇။ ပညာလိုလို, သညာပို, စွဲဆိုဒိဋ္ဌိသာ။
၁၈။ ဒိဋ္ဌိ ဆိုတာ, သညာမှာ, နီးစွာ ကပ်လျက်ပါ။
၁၉။ ပညာမြင်မှာ, ဒိဋ္ဌိဟာ, ဘယ်ခါ မကပ်ပါ။
၂၀။ တပည့်သိသာ, ရှိသမျှ သတိ ချပ်ကြပါ။

## တနည်း။

၁။ သယံဇာတ, သဘာဝ, သိကြ များသူငါ။
၂။ သဘာဝတွင် ရှင်သခင်, အစဉ် မရှိပါ။
၃။ ပြုသူပြင်သူ, သိမ်းပိုက်သူ, ဘယ်မှု မရှိပါ။
၄။ ငါ, ငါ့ ဥစ္စာ စွဲဆိုစရာ, ဘလာ ဝေးသည်သာ။
၅။ သူ, သူ့ ဥစ္စာ, စွဲဆိုစရာ, ဘလာ ဝေးသည်သာ။
၆။ ပုံဟန် သဏ္ဌာန်, ပြစရာ - ဘလာ ဝေးသည်သာ။
၇။ နိမိတ်မရှိ, ပကတိ, သုဉ်းသည့် တရားပါ။
၈။ ငြိမ်း, မငြိမ်းလို့, အမြင် ကို၊ ထိုထို ပိုင်းခြားပါ၊
၉။ ထိုထိုပိုင်းခြား, အမြင်အား အများ သိကြပါ။
၁၀။ အများ သိနိုင်, အဆုံးတိုင် ဉာဏ်ပိုင် ရှိသူပါ။
၁၁။ ဉာဏ်ပိုင်ရှိတာ, အရိယာ သိသာစေဘို့ရာ။

၁၂။ အရိယာမှန်း, မသိကန်း, အရမ်း ပြောကြရှာ။

၁၃။ အရမ်းပြောလေ, ဆင်းရဲလေ, မသွေ မှတ်ကြပါ။

၁၄။ ပရမတ်ဆို ပညတ်ကို, အလိုမရှိရာ။

၁၅။ ပညတ်ကိုဆို, ပရမတ်ကို အလိုမရှိရာ။

၁၆။ ပညတ် ပရမတ်, ရော၍စပ်, ပြောအပ် မရှိရာ။

၁၇။ ပြောလျှင်အမှား, အကြောင်းကား, လားလား မရှိရာ။

၁၈။ လားလား မရှိ, ပြောတုံဘိ, မသိ မိုက်မဲတာ။

၁၉။ သဘောမကြုံ, အပြောသံ, ဟောရန် မတဲ့ပါ။

၂၀။ သဘောကို ကြုံ, အပြော မှန်, ဟောရန် တဲ့တတ်ပါ။

၂၁။ သဘောအပြော - နှစ်ပါးနှော လောက ပြစ်ကင်းရှာ။

၂၂။ လောကပြစ်ကင်း, လောကုတ်တွင်း, မယွင်းဖြစ်ကြမှာ။

၂၃။ မယွင်းဖြစ်လို စိတ်ကြည်ညို, ဉာဏ်ကို ရှာကြပါ။

၂၄။ ကိုယ့်ဉာဏ်ကိုသာ ကိုယ့်ဆရာ, သေချာမှတ်ကြပါ။

၂၅။ ကိုယ့်ဉာဏ်မထွင်း, ဆရာကင်း, မလင်းနိုင် ကြပါ။

................

နဒိယံ ခုဒ္ဒကာ နာဝါ၊ ဝိစိဟိ ဥဏ္ဏာတောဏ္ဏာတာ။
မဟာ နာဝါ န ကမ္ပေတ္ထိ၊ မဟန္တိဟိ ဝိစိဟိပိ။ ။

ဝမ္မပဒ။

ဘောဒ္ဓော၊ များစွာ သောင်းသောင်း အိုတပည့်အပေါင်း တို့၊ နဒိယံ၊ ရေဝတီ၊ သည်ထင်လင်း၊ မြစ်အတွင်း၌၊ ခုဒ္ဒကာ နာဝါ၊ စတော်-လှော်လှေ, သမ္ဗာန်လှေ နှင့်၊ ငှက် လှေကစ၊ များလှတွက်ရေး လှေငယ်ကလေး တို့သည် ဝိစိဟိ, ပြင်းထန် လေလှိုင်း၊ သဘော်လှိုင်းတို့ဖြင့်၊ ဝါ - ပြင်းထန် လေလှိုင်း၊ သဘော်လှိုင်းတို့ကြောင့်၊ ဥဏ္ဏာတောဏ္ဏာတာ၊ ဦးမြောက် နောက် ထိုင်၊ ပဲ့မနိုင်သဖြင့်၊ မြင့်တိုနိမ့်တို၊ ခုန်ခုန် ပေါက်ပေါက်၊ ကဘောက် ကဘက်၊ ယောက်ယက် ဆန်ခတ် ရှိကြလေ ကုန်၏။ မဟာနာဝါ၊ ဟိန္ဒီစတန်၊ ဂျပန် ဂျဲဗာ၊ ဘားမား ကွန္တြိယ၊ စသည် ကျယ်ပွား၊ သဘော်ကြီး များတို့သည်ကား၊ မဟန္တိဟိ၊ ကြီးစွာ ကုန်သော ဝိစိဟိပိ၊ ပြင်းထန်လေလှိုင်း၊ သဘော်လှိုင်း တို့ဖြင့်လည်း၊ ဝါ-ပြင်းထန်လေလှိုင်း သဘော်လှိုင်း တို့ကြောင့် လည်း၊ နကမ္ပေတ္ထိ၊ ဦးမြောက် နောက်ထိုင်၊ ပဲ့မနိုင် သဖြင့်၊ မြင့်တို နိမ့်တို၊ ခုန်ခုန် ပေါက်ပေါက်၊ ကဘောက် ကဘက်၊ ယောက်ယက် ဆန်ခတ် အားဖြင့်၊ မလှုပ်ရှားနိုင်ကြလေ ကုန်ပြီ။

လောကေ ပယံ သနိန္ဒာဟိ၊ ဒုဋ္ဌာ ဥဏ္ဏာတောဏ္ဏာတာ။
ပညာဝန္တာ န ကမ္ပေတ္ထိ၊ မဟာ နိန္ဒာ ထုတိဟိပိ။ ။

ဝမ္မပဒ။

လောကေ၊ ယခုနေကြ၊ လူ့လောက၌၊ ဝါ၊ ယခုနေရာ လူ့ရွာလောက ၌၊ ပယံသနိန္ဒာဟိ၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း

တို့ဖြင့်၊ ဝါ၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း တို့ကြောင့်၊ ဒုဗ္ဗနာ၁ဝ၊ ဆရာ ကောင်းနည်း နိဿယည်းကို သိပ်သည်း သေချာ မရပါ၍, ပညာလက်ဆုပ်, မထိမ်းအုပ်နိုင်သော သူယုတ်မာ တွေသည် သာလျှင်၊ ဉဏ္ဏာတောဏ္ဏာတာ လှိုင်းနှင့် တွေ့ကြုံ လှေငယ်ပုံကဲ့သို၊ ခုန်ခုန် ပေါက်ပေါက်၊ ကဘောက် ကဘက်၊ ယောက်ယက် ဆန်ခတ် ရှိကြလေကုန်၏၊ ပညာဝန္တာ, ဆရာ ကောင်း နည်း၊ နိဿယည်းဖြင့်၊ သိပ်သည်းသေချာ၊ ပညာ သန်လျက်၊ လက်ဒွိကိုင်ထား၊ ပညာရှိ သူတော်ကောင်းများ တို့သည်ကား၊ မဟာနိဒ္ဒေ ထုတ်ိဟိပ်၊ ရှက်ကွဲ ကျိုးယုတ် သဘင်းပုတ်သျက်၊ သေပျက်လောက်နီး၊ ကြီးစွာကဲ့ရဲ့၊ ယနေ့ နက်ဖြန်၊ ဘုရင်ခံကြီး၊ ဖြစ်လုနီးမျှ၊ ကြီးစွာသော ချီးမွမ်း မြှောက်စားခြင်းတို့ဖြင့်လည်း ဝါ, ကြီးစွာ ကဲ့ရဲ့ခြင်း, ကြီးစွာ ချီးမွမ်းခြင်း တို့ဖြင့်လည်း ဝါ, ချီးမွမ်းခြင်း တို့ကြောင့်လည်း၊ နကမေရုတ္တိ၊ ဟိမ္ဗိစတန်၊ ဂျပန် ဂျဗာ၊ ဘားမား ဣန္ဒြိယ စသည် ကျယ်ပွား၊ သဘောကြီးများတို့ပမာ ပညာလက်ဆုတ်၊ ထိန်း ခါအုပ်နိုင်၍၊ မတုန်မလှုပ်ကြရလေကုန်ပြီ။ ။

သုက္ခာတော ဘဂဝတာ ဓမ္မော၊ သံဒိဋ္ဌိကော။
အကာလိကော၊ ဧဟိပဿိကော၊ ဩပနယိကော။
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။ ။

**သံယုတ် ပါဠိတော်။**

သွက္ခာတော၊ လောကုတ် လောကီ၊ နှစ်လီဖွံ့ဖြိုး၊ ပွားတိုး စေကြောင်း၊ ကောင်းစွာ ဟောတော်မူအပ်သော ဘဂဝါတာ၊ ဘဂဝတော၊ ဣဿရိယ, ဓမ္မ, ယသ, သိရိ, ကာမ, ပယတ္တ,

တို့နှင့်ပြည့်စုံသော ရွှေဘုန်းတော် သခင် အရှင်ဘုရား၏၊ ဓမ္မော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာ တို့ ဖြစ်နိုင် သော ရုပ်တရား၊ နာမ်တရား၊ ခန္ဓာတရား၊ ဓာတ်တရားနှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်, နိဗ္ဗာန် တရားတော်မြတ် သည်၊ သံဒိဋ္ဌိကော၊ မဂ် ဖိုလ် နိဗ္ဗာန်တရားကို၊ ကြားရ နာရ သင်ရ သည့် နေ့က စ၍၊ ကာယ စိတ္တ သုခနှစ်ဖြာ ကောင်းစွာ မျက်မှောက် ဒိဋ္ဌရတယ်၊ အကာလိကော၊ မဂ် ဖိုလ် နိဗ္ဗာန် တရား ကို၊ ဟိုဘ၀မှ ရမယ်, ဟိုလမှ ရမယ်, ဟိုနှစ်မှ ရမယ် ဟူ၍ ဟိုနှစ်, ဟိုလ, ဟိုဘ၀, ဟို အခါ မလင့်ရဘဲ ယခုချက်ခြင်းရမယ်၊ ဟေိပဿိကော၊ လာကြ စမ်းပါ, နာကြစမ်းပါ, ရှုကြစမ်းပါ၊ ငွေ မကုန် ကြေးမကျ လင်သားလဲ မပစ်ရ၊ မယားလဲ မပစ်ရ၊ ကမ္မဋ္ဌာန်းလဲမထိုင်ရ၊ ဒုက္ခလဲ မရောက်၊ ဤတရားဟာ သက်သာလွန်းလို့ ခေါ်ဘို့ ပြောဘို့ ထိုက်လေတော့၏၊ ဩပနယိကော၊ နောက်ထပ်တဘန် ဘုရား ရှာစရာ, တရား ရှာစရာ, သံဃာ ရှာစရာ မလိုပြီ ဟူ၍၊ မိမိ စိတ်၌ မဂ် တရား ဖိုလ် တရား ကပ်၍ ဆောင်လေတော့၏၊ ၀ိညူဟိ၊ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ် ကို၊ တတ်အပ် ထင်ထင် သိမြင်ပေသူ လူရှင် ပညာရှိတို့သည်၊ ပစ္စတ္တံ၊ ယခုဘ၀မှာ နိဗ္ဗာန် ရအောင်၊ မှချအပြီး နှစ်သက်လို့ မငြီးနိုင်ဘဲ အသီးသီး အားဖြင့် ဝေဒိတဗ္ဗော၊ သုံးဆယ့်တဘုံ, လုံးစုံဒုက္ခ လွတ်မြောက် ကြ၍၊ ကြောင့်ကြစရာ စိုးရိမ် စရာ, ပူစရာ ပင်စရာ, ဘာဘာ တွေ ညာညာတွေ ဆိုတာ မရှိ၍၊ ချမ်းသာလေစွ ကောင်းလေစွဖြင့် စိတ်ချလက်ချ, ခံစား၍သာ စံစား၍သာ, နေရ လေတော့ သတည်း။ ။

ဣတိနေကဟိ နာမေဟိ၊ ကိတ္တိတာ ယာ မဟေသိနာ။
ဝဋ္ဋာနုဂါမိနီ သန္တာ၊ ပရိသုဒ္ဓါ ဝိပဿနာ။ ။
ဝဋ္ဋာတုကာမော သံသာရ၊ ဒုက္ခပက္ခာ မဟဗ္ဘယာ။
ကရေယျ သတတံ တတ္ထ၊ ယောဂံ ပဏ္ဍိတဇာတိကော။

**အဋ္ဌကထာ။**

ဣတိ၊ ဤသို့၊ အနေကေဟိနာမေဟိ၊ များစွာသောအမည်တို့ဖြင့် ဝဋ္ဋာနုဂါမိနီ၊ မဂ်သို့ ရောက်ကြောင်း ဖြစ်သော သန္တာ၊ မီးဆယ့်တဆူ၊ အပူခပ်သိမ်းငြိမ်းစေတတ်သော ပရိသုဒ္ဓါ၊ စင်ကြယ်စွာသော ယာ ဝိပဿနာ၊ အကြင်မဂ်၏ တည်ရာ ဝိပဿနာကို မဟေသိနာ၊ မြတ်စွာဘုရားသည် ကိတ္တိတာ၊ ဟောကြားချီးမွမ်းတော်မူအပ်ပြီ၊ မဟဗ္ဘယာ၊ ကြောက်ဘွယ်ခမန်း၊ ဘေးတျမ်းရော၊ လွန်ကြီးစွာသော သံသာရ ဒုက္ခပက္ခာ၊ သံသရာဝဲ၊ ဆင်းရဲတွေဆိုင်၊ ရှည်နှိုင်အိုင် မှ ဝဋ္ဋာတု ကာမော၊ ကူးတက် ထမြောက် မဂ်သို့ ရောက်လိုသော ပဏ္ဍိတဇာတိကော၊ တိဟိတ်ပဋိသန် ဇာတိဉာဏ် ရှိသော အမျိုးကောင်း သား သမီး သည်၊ တတ္ထ၊ ထိုဝိပဿနာ၌ သတတံ၊ နေ့ရောညပါ၊ ဘယ်ခါမပြတ် ယောဂံ၊ ပွားများ စီးဖြန်းခြင်းကို ကရေယျ၊ ပြုရာ၏။ ။ဤအဋ္ဌကထာ၏ အလိုမှာ၊ မဂ် ဖိုလ် နိဗ္ဗာန် ကို အလိုရှိသောသူတို့သည်၊ ဝိပဿနာ တရားကိုသာ လိုလား တောင့်တ နှစ်သက်ကြ၍ အားထုတ် ကြရမည်၊ ဝိပဿနာ တရားမှ အပ, နိဗ္ဗာန်ရောက်ကြောင်းမရှိ၊ မြတ်စွာဘုရားသည် ဤဝိပဿနာ တရားကို

သာ အထူးချီးမွမ်းတော်မူသည်၊ ထို့ကြောင့်အမျိုးကောင်းသားသမီးတို့သည် နိဗ္ဗာန်ကိုအလိုရှိကြလျှင် ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့ကို အနိစ္စဝိပဿနာ-ဒုက္ခဝိပဿနာ- အနတ္တ ဝိပဿနာတင်၍ မမြင် မြင်အောင် ရှုကြရမည် ဟု အဋ္ဌကထာ ဆရာ တိုက်တွန်းနှိုးဆော်တော်မူသည်။ ဤသို့တိုက်တွန်းနှိုးဆော်တော်မူသည့်အတိုင်း ခေတ်ဟိတ် ပါရမီ အနုအရင့် အညွှံအဖျင်းတို့ကို မရွေးချယ်ကြဘဲ၊ သူပြောတိုင်းကိုမယုံကြည်ကြဘဲ ကိလေသာမီး ငြိမ်းအောင်ကိုသာ ကြိုးစား၍ အားထုတ်ကြကုန်ရာ၏။

သုဒုဒ္ဒသံပိ ဝိပဿန္တိ၊ ပဏ္ဍိတာ ဓမ္မကောဝိဒါ။
သုဒုဗ္ဗောဓံပိ ဗုဇ္ဈန္တိ၊ ဝိညူနော အတ္ထကောဝိဒါ။ ။

**အနတ္တဝိဘာဝနာပါဠိ။**

ဓမ္မကောဝိဒါ၊ အကြောင်း တရား၌ လိမ်မာကြကုန်သော ပဏ္ဍိတာ, ပညာရှိတို့ သည်၊ သုဒုဒ္ဒသံပိ, အလွန် မြင် နိုင်ခဲသော ကုသိုလ်ဖြစ်မှု-အကုသိုလ်ဖြစ်မှု တရားကိုလည်း၊ ပဿန္တိ၊ မြင်ကြကုန်၏၊ အတ္ထကောဝိဒါ၊ အကျိုးတရား၌ လိမ်မာကြကုန်သော ဝိညူနော၊ ပညာရှိတို့သည် သုဒုဗ္ဗောဓံပိ၊ အလွန်သိနိုင်ခဲသော ရုပ် နာမ် လက္ခဏာ သစ္စာ မဂ် ဖိုလ် နိဗ္ဗာန် တရားထူးတရားမြတ် ကိုလည်း၊ ဗုဇ္ဈန္တိ၊ ကိုယ်တိုင် ကိုယ်ပိုင် ဉာဏ် ဖြင့် အဟုတ်ပိုင်ပိုင် သိကြကုန်၏။ ။

ဓမ္မမေဃေန ဝဿန္တေ၊ သဗ္ဗေဟောန္တု အနာသဝါ။
ယေတ္ထ ပစ္ဆိမကာ သတ္တာ၊ သောတာပန္နာ ဘဝန္တုတေ။

**အပဒါန် ပါဠိတော်။**

ဓမ္မမေဃေန၊ လောက မိုဃ်းထက် ဆထက် ထမ်းပိုး မကာ တိုး၍ အမျိုးမျိုး အေးမြသည့် တရားတည်း ဟူသော မိုဃ်းတော်ကြီးဖြင့် (ဝါ) အမျိုးမျိုးအေးမြစေတတ်သော တရား တည်းဟူသော မိုဃ်းတော်ကြီး ကို (ဝါ) ဒုက္ခ ခပ်သိမ်း အကုန် ငြိမ်းစေတတ်သော တရား တည်းဟူသော မိုဃ်းတော်ကြီးကို ဝဿန္တေ၊ သွန်းဖြိုးရွာချ ပေ့ာပြုလိုက်သည် ရှိသော် သဗ္ဗေ-ကြွင်းမဲ့ဥဿုံ အလုံးစုံသော တရားနာ လာ များ ဗိုလ်ပါ တို့သည် အနာသဝါ အာသဝေါ လေးဖြာ ကင်းကုန် ကွာ၍ ရဟန္တာပုဂ္ဂိုလ်ကြီးတို့သည် ဟောန္တု၊ တရားနာရင်း ဉာဏ်မြင်လင်း၍ ချက်ခြင်းမကြာ ဖြစ်ကြပါစေကုန်သတည်း၊ (ဝါ) ကိလေသာ မီးငြိမ်းမှု ခန္ဓာမီးငြိမ်းမှု နိဗ္ဗာန ဓာတ်ကြီးတွေ့ ဖြစ်ကြပါစေကုန်သတည်း၊ ဧတ္ထ၊ ဤတရားနာလာ များဗိုလ်ပါတို့သည် ပစ္ဆိမကာ ဂုဏ်အားဖြင့် အယုတ်ဆုံး အောက်ဆုံး နောက်ဆုံး ဖြစ်ကြလေကုန်၏၊ တေသတ္တာ၊ ထိုဂုဏ်အားဖြင့် အယုတ်ဆုံး အောက်ဆုံး နောက်ဆုံး ဖြစ်ကြ ကုန်သော သတ္တဝါတို့သည် သောတာပန္နာ၊ ဒိဋ္ဌိ၊ ဝိစိ၊ ပယ်နိုင်ဘိ၍ မရှိ ပယ်ရှာ ရှင်းရှင်းကွာသည့် စူဠ၊ မဟာ သောတာပန် အပြီး ပုဂ္ဂိုလ်ကြီး တို့သည် ဘဝန္တု၊ တရားနာရင်း ဉာဏ်မြင်လင်း၍ ချက်ခြင်းမကြာ ဘဝမကွာ မဟာ သောတာပန် ဖြစ်ကြပါစေကုန် သတည်း။

ပဋိဝေဓ-ဒီပနီကျမ်း ဤတွင် ပြီး၏။

သာသနာရေး
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်